# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၀) ရက် ၊ တနင်္လာနေ့ ၊ (12-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၄၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများ စစ်တွေမြို့ ဦးဥတ္တမခန်းမ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများ စစ်တွေမြို့ ဦးဥတ္တမခန်းမပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၁**

စစ်တွေမြို့သို့ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမသို့ ရောက်ရှိကြပြီး ခန်းမအမိုးမိုးခြင်းလုပ်ငန်းပြီးစီးမှု၊ မျက်နှာကြက်၊ ပြတင်းတံခါးများ၊ ရေ၊ မီးပြုပြင်ခြင်းလုပ်ငန်းနှင့် ခန်းမအတွင်းပိုင်းဒီဇိုင်းများ ပြင်ဆင်ဆောင်ရွက်သွားမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်သို့သွားရောက်ပြီး စာသင်တိုက်ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယအား ဖူးမြော်ကြည်ညို၍ ပရိယတ္တိစာပေသင်ကြားပို့ချနေမှု၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှု၊ ဆရာတော်၊ သံဃာတော်များ သီတင်းသုံးမှုအခြေအနေနှင့်သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားက နေ့ဆွမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

**Aung Bar Lay Application လမ်းညွှန်**

စာမျက်နှာ - ၂၁

**ယခုဘဏ္ဍာနှစ် မေလကုန်ထိ ပဲမျိုးစုံ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၈၇ သန်းပိုး တင်ပို့ ရောင်းချပေးခဲ့**

စာမျက်နှာ - ၂၄

**ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်**

စာမျက်နှာ - ၃၀

**သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ - ၁၈

**မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ကြီးမှူး၍ MSME စကားပိုင်းဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ - ၂၀


အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေး
ကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်
ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....
CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ
အား ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)




မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)- ဖုန်း - ၀၉ ၆၉၁၂၃၀၆၃၉၊ ၀၉ ၆၆၉၂၅၉၈၅၄

ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၁၂ ရက်
အယ်ဒီတာ့အာဘော်

# အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ် တိုးတက်အောင်မြင်စေရေး ကြိုးပမ်း

နိုင်ငံတကာတွင် ခေတ်မီဆန်းသစ်သည့် **Digital** နည်းပညာများဖြင့် လုပ်ကိုင်လာကြသည့်အချိန်တွင် မြန်မာနိုင်ငံ၌လည်း အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ထီကံစမ်းသူများ အလွယ်တကူစိတ်ကြိုက်နံပါတ်များ ရွေးချယ်ဝယ်ယူ ကံစမ်းနိုင်မည်ဖြစ်ပြီး မြို့ပြနှင့် ကျေးလက်နေပြည်သူများအားလုံး အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို အဆင်ပြေလွယ်ကူစွာ ထီထိုးကံစမ်းနိုင်ကြတော့မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်ရှိအောင်ဘာလေသိန်းဆုထီလက်မှတ်များကို ပုံနှိပ်ဖြန့်ဖြူးရောင်းချသည့်စနစ်အပြင် ပြည်သူလူထုအားလုံး အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာ ထီကံစမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် အွန်လိုင်းထီစနစ်ကို စတင်ရခြင်းဖြစ်ပြီး ပြည်သူများအားလုံး အဆင်ပြေလွယ်ကူစွာ ထီကံစမ်းနိုင်ကြတော့မည်ဖြစ်သည်။

**“ယနေ့ အောင်ဘာလေအွန်လိုင်းသိန်းဆုထီ အက်ပလီကေးရှင်းကို စတင်နိုင်ခြင်းသည် ဒစ်ဂျစ်တယ်နည်းပညာနှင့် မိုဘိုင်းငွေပေးချေမှုစနစ်များ အသုံးပြုပြီး လွယ်ကူစွာထီကံစမ်းနိုင်သည့် Digital Lottery Platform စနစ်သစ်ကို စတင်မိတ်ဆက်အသုံးပြုနိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ အကျိုးဆက်အဖြစ် အနာဂတ်တွင် နိုင်ငံတော်အခွန်ဘဏ္ဍာရရှိမှုတိုးတက်စေရေး၊ နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေသားကိုင်တွယ်သုံးစွဲမှု လျှော့ချစေရေး (Cashless Society) အစရှိသည့် ကောင်းကျိုးများစွာတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း၊”** ဇွန် ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်သော အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ် စတင်ခြင်း ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အောင်ဘာလေအွန်လိုင်းသိန်းဆုထီ အက်ပလီကေးရှင်းကိုအသုံးပြုပြီး ကံစမ်းသူများအနေဖြင့် ထီလက်မှတ်ဝယ်ယူခြင်း၊ ထီဖိုးငွေပေးချေခြင်းမှစပြီး ဆုငွေရယူခြင်းအဆင့်အထိ ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထီဖွင့်ပွဲကျင်းပချိန်တွင်လည်း ထီတိုက်ရန်မလိုဘဲ ကံထူးသူများ၏ မိုဘိုင်းတယ်လီဖုန်းများကို **SMS** ပေးပို့အကြောင်းကြားလာမည်ဖြစ်ပြီး ထီဆုငွေထုတ်ယူရာတွင်လည်း မှန်ကန်လွယ်ကူစေရေးအတွက် ပမာဏနည်းသည့် ဆုကြေးငွေများကို အွန်လိုင်းမှလွှဲပြောင်းပေးခြင်း၊ ထီကံထူးသူများ၏ ဘဏ်ငွေစာရင်းအကောင့်သို့ ပေးပို့ခြင်းများကို အီလက်ထရွန်နစ်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ စနစ်သစ်တစ်ခုကို ပြောင်းလဲဖော်ဆောင်ရာတွင် နိုင်ငံတော်ကို ကိုယ်စားပြုဆောင်ရွက်ရသည့်အတွက် အလွန်တာဝန်ကြီးမားလှပေသည်။ ထို့ကြောင့် နိုင်ငံတော်အတွက် အသစ်စတင်မိတ်ဆက်နိုင်ခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်သော အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင်မြင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇွန် ၁၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်စနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၂၅၁၃၃၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“ဝေဠုဝန်စနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆိုရင် ဘုရားဖူးတွေ ပိုပြီးလာရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေဟာ နားနေဆောင်မှာလဲ အနားယူပြီးအပန်းဖြေကြပါတယ်။ အရိပ်ရသစ်ပင်တွေလဲ စိုက်ပျိုးထားပြီး အနားယူဖို့အတွက် ခုံတွေလဲ ပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေဟာ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေပါတယ်” ဟု ဝေဠုဝန်စန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်စနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၈၀၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၄၇၈၃၅ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၆၉၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း သကြား အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး ဇွန် ၁၁**

မန္တလေး ဈေးကွက်အတွင်း သကြား အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့်သကြားကို ပြည်ပတရုတ်နိုင်ငံဘက်ကလည်း ဝယ်ယူမှုများရှိကြောင်း၊ ယခုလတ်တလော ပြည်ပမှ ကုန်သည်များက သကြားဝယ်ယူမှု များပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်း၌လည်း သကြားဝယ်ယူမှု များပြားလာခြင်းကြောင့် သကြားဈေးကောင်းရရှိလာကြောင်း သိရသည်။

“မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့ကနေထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့သကြားတွေကို အခုလတ်တလော တရုတ်နိုင်ငံဘက်ကနေ ဈေးကောင်းပေးပြီး ဝယ်ယူမှုတွေရှိပါတယ်။ မန္တလေးဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေပါတယ်”ဟု ဦးဝင်းဌေးက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇွန်လ ပထမပတ်က သကြား တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ သကြား တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ထိ ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

“သကြားကတော့ အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်ကြမ်းလက်ကျန်နည်းပါးသွားတာမျိုးတွေတော့ မရှိပါဘူး။ နောက်ပိုင်း ဒီထက်ပိုပြီး သကြားအရောင်းအဝယ်ကောင်းလာရင်တော့ မန္တလေးဈေးကွက်ထဲ သကြားလက်ကျန်နည်းသွားနိုင်ပါတယ်”ဟု သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး-ကျောက်မြောင်းကြားတွင် ရေဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသောဓလေ့ ကြည့်ရှုသည့်ခရီးသွားဦးရေ များပြားလာ

**မန္တလေး ဇွန် ၁၁**

ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာ မန္တလေး-ကျောက်မြောင်းကြားတွင် ရေဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသောဓလေ့ကို ကြည့်ရှုသည့် ခရီးသွားဦးရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

မန္တလေး-ကျောက်မြောင်းကြားတွင် ရေဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို သွားရောက်ကြည့်ရှုသည့် ခရီးသွားမှာ ယခင်က အနည်းငယ်သာရှိခဲ့သော်လည်း ဇွန်လ ဒုတိယပတ်မှစ၍ သွားရောက်ကြည့်ရှုသည့် ခရီးသွားဦးရေ များပြားလျက်ရှိကြောင်း သိရသည်။

“မန္တလေးဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ရေဝတီလင်းပိုင်တွေကို ခရီးသွားတွေ သွားရောက်ကြည့်ရှုမှုပြန်များလာတယ်။ အဓိကကတော့ မန္တလေး-ကျောက်မြောင်းကြားမှာရှိတဲ့ ရေဝတီလင်းပိုင်တွေနဲ့ ကျေးရွာတွေက ရေလုပ်သားတွေ အကျိုးတူပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကို ကြည့်ရှုလေ့လာကြတာ ပိုပြီးများလာပါတယ်”ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ မန္တလေး-ကျောက်မြောင်းကြား ရေဝတီလင်းပိုင်များဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို သွားရောက်ကြည့်ရှုသည့်ခရီးသွားဦးရေမှာ ဇွန်လ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၄၀ ကျော်သာ ရှိခဲ့သော်လည်း ဇွန်လ ဒုတိယပတ်မှစ၍ ရေဝတီလင်းပိုင်များဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို သွားရောက်ကြည့်ရှုသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

ယခုလက်ရှိ ရေဝတီမြစ်ရေများချိန်ကာလတွင် အစာရေစာပေါများသည့် မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာအနီးတွင် ရေဝတီလင်းပိုင်များ အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သဲကုန်းမြို့နယ် လက်ပံကုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံကုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လက်ပံကုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လက်ပံကုန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၈ ဦးကို ငွေကျပ် ၃၈ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၄ ဒသမ ၁၅ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးထံမှ သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့နယ် တောင်သမန်ကျေးရွာနေ ဒေါ်နီလာခိုး မိသားစုက ဦးရိုးအောင်အား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# သရက်ချောင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၆၀၁၆ ဧက စိုက်ပျိုးသွားမည်



**သရက်ချောင်း ဇွန် ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၆၀၁၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက ပြောပြ၍ သိရသည်။

သရက်ချောင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၆၀၁၆ ဧကကို ဇွန်လစတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများကို မျိုးစေ့များပံ့ပိုးကာ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ သရက်ချောင်းမြို့နယ်မှာ မိုးစပါး ၂၆၀၁၆ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ စပါးအထွက်နှုန်းတိုးတက်စေဖို့ တောင်သူတွေအနေနဲ့ စနစ်တကျ လယ်ယာမြေဖော်ထုတ်စိုက်ပျိုးမယ်ဆိုရင် စပါးအထွက်နှုန်း ပိုကောင်းပါတယ်။ ဒါ့ပြင် အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ပြီး ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ ကုန်ထုတ်လမ်းတွေကိုလဲ စနစ်တကျ ဖောက်လုပ်ဖို့လိုအပ်ပါတယ်။ အဓိကကတော့ မြေဆီမြေဩဇာကောင်းဖို့အတွက် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်ဖို့လိုပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအကျိုးပြုပညာပေးလုပ်ငန်းတွေ၊ မြေဩဇာတွေကို ဈေးနှုန်းချိုသာစွာနဲ့ ဖြန့်ဝေပေးတာ၊ မျိုးစပါးတွေ ပံ့ပိုးပေးတာနဲ့ ပညာပေးသင်တန်းတွေကိုလဲ တစ်လတစ်ကြိမ် အနည်းဆုံး ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက ပြောပြသည်။

သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးသီးနှံများ စိုက်ပျိုးကြမည့် ဒေသခံတောင်သူများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ စိုက်ပျိုးရေးဆိုင်ရာအလေ့ အကျင့်ကောင်းများ၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ အသီးအနှံများ၏ အရည်အသွေးကဏ္ဍများနှင့် ထုတ်လုပ်မှုကွင်းဆက်များအကြောင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သရက်ချောင်းမြို့နယ်တွင် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၆၀၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှစပါး ၇၂ တင်းထွက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မင်းကင်းမြို့နယ်၌ ဖိနပ်ချုပ်ခြင်းနှင့် ခြင်းရက်ခြင်းသင်တန်းဖွင့်ပွဲ ကျင်းပ

**မင်းကင်း ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဖိနပ်ချုပ်ခြင်းနှင့် ခြင်းရက်ခြင်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းနှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းနှင့် တာဝန်ရှိသူများက သင်တန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာများနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကျေးရွာများအပါအဝင် အခြားကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ဖိနပ်ချုပ်ခြင်းနှင့် ခြင်းရက်ခြင်းလုပ်ငန်းများကို ယနေ့မှ ဇွန် ၂၅ ရက်ထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**ကွတ်ခိုင် ဇွန် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ လွယ်ခန်ကျေးရွာအုပ်စု လွယ်ခန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လွယ်ခန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**



# ရတနာ တစ်ဒါဇင်

## ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

မိုးဦးသစ်လေပြီ။

ဇွန်လရောက်ပြီဆိုတာနဲ့ ကျောင်းတွေဖွင့်ကြပြီ။ မြန်မာပြည်ရဲ့ သဘာဝရာသီဥတုက အပူပိုင်းသမန္တေဇုန်မှာတည်ရှိနေသမို့ မတ်လ၊ ဧပြီလ၊ မေလဆိုတဲ့ နွေရာသီဟာ အပူပြင်းဆုံးပေါ့။ ဒီတော့ အနောက်တောင်မုတ်သုံလေနဲ့အတူ မိုးတွေရွာချတဲ့ အခုလို မိုးဦးကျစ နယုန်လ၊ ဝါဆိုလဟာ သစ်လွင်နုပျိုစိမ်းလန်းတဲ့ ပတ်ဝန်းကျင်သဘာဝအလှအပနောက်ခံကားနဲ့အတူ တို့နိုင်ငံတစ်ဝန်း အမြို့မြို့အရွာရွာမှာ ကျောင်းတွေ နှစ်သစ်အဖြစ် ဖွင့်လှစ်လေပြီ။

အင်မတန်ကျက်သရေရှိလှတဲ့ကာလ။

ကျောင်းသား၊ ကျောင်းသူတွေ ကျောင်းတက်ရတာ ပျော်စရာကောင်းတယ်။ စိတ်သစ်လူသစ်နဲ့ ပညာရပ်ဆိုင်ရာအတန်းသစ်ကို တက်ကြရသူများပါတယ်။ ကျောင်းမထားရသေးတဲ့ ကလေးငယ်တစ်ယောက်ရဲ့ ဘဝကတော့ တကယ်ပဲကြီးမားတဲ့စွန့်စားခန်းပြောင်းလဲမှုကြီးပေါ့။ အမေ့ရင်ခွင်၊ အမေ့အိမ်ရိပ်ကနေ ဆရာ၊ ဆရာမဆိုတဲ့ မခင်မင်မသိကျွမ်းသူရဲ့ရှေ့မှာ မခင်မင်ကြရသေးတဲ့ ရွယ်တူကျောင်းနေဖော်တွေနဲ့ တွေ့ရမှာ ရင်ခုန်စရာပဲ။ ပျော်စရာမဖြစ်ဘဲ ပျင်းစရာဖြစ်မလား၊ စိတ်ညစ်စရာဖြစ်မလား။ ဘာမှန်းမသိလို့ စိတ်လှုပ်ရှားနေရှာမယ်။

**ငိုခဲ့ရ**

ကိုယ်ချင်းစာတယ်။ ကျောင်းဖွင့်စ၊ ကျောင်းအပ်စမှာ တစ်လလောက်ဟာ လုံးဝမပျော်နိုင်ခဲ့ဘူး။ မှတ်မှတ်ရရ အမေ့အိမ်ရိပ်က ထွက်ခွာခဲ့ရတာ ရင်ထဲမှာ နေ့စဉ်ငိုကြွေးနေမိတယ်။ အဖေနဲ့အမေက မိမိအထက်က သားသမီးသုံးယောက်မွေးခဲ့ဖူးပေမယ့် ဆင်းရဲကျပ်တည်းတဲ့ ဂျပန်ခေတ်မှာ ရောဂါများပြားပြီး ဆေးဝါးရှားပါးခဲ့လေတော့ ကလေးအရွယ်လူမမည် တွတ်တီးတွတ်တာ စကားမပီကလာ ပီကလာပြောတတ်စ ဆုံးပါးကွယ်လွန်သွားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးမှမွေးတဲ့ မိမိကတော့ စတုတ္ထကလေးဆိုပေမယ့် အကြီးဆုံးသား။ အသက်ငါးနှစ်ကျော်လာအောင် မာမာချာချာ၊ သန်သန်စွမ်းစွမ်း ကျောင်းနေနိုင်လောက်တဲ့အချိန်ထိ လူဖြစ်ခဲ့တဲ့ တစ်ဦးတည်းသောသား။

**အိမ်နဲ့ကျောင်း**

ဧကပုတ္တ တစ်ဦးတည်းသောသားလေးမို့ အဖေနဲ့အမေက လိုလေသေးမရှိ ဂရုတစိုက်အလိုလိုက်ခဲ့တယ်လေ။ ပျော်သလိုနေ၊ ကြိုက်သလိုကစား၊ စားချင်တာစား၊ ဝတ်ချင်တာဝယ်ပေးမယ်။ အရုပ်ဆိုအရုပ်၊ စက်ဘီးဆိုစက်ဘီး။ ကလေးစီးသုံးဘီးဗိုလ်အုန်းသီးတံဆိပ် မြန်မာပြည်တွင်းဖြစ်စက်ဘီးလေးပေါ့။ တစ်ရွာလုံးမှာ ကျွန်တော်ပထမ။

စားချင်တဲ့အချိန်စား၊ အိပ်ချင်တဲ့အချိန်အိပ်။

မိဘက အလိုလိုက်လွန်းတော့ ကိုယ့်အိမ်မှာ ကိုယ်ဘုရင်ဆိုပြီး မင်းမူနေခဲ့သမျှ ကျောင်းမှာစာအံရ၊ ဝလုံးရေးရ၊ အိပ်ငိုက်လို့မရ။ ငရဲကျသလိုပူလောင်။ ဘဝမှာ အဖေ၊ အမေရဲ့ရင်ခွင်လောက် လုံခြုံအေးချမ်းတဲ့နေရာ ဘယ်မှာမှမရှိနိုင်ပါ။ မိုးနဲ့မြေကွာခြား။

တစ်ဦးတည်းသားအဖြစ်နဲ့ အလိုလိုက်ထားခြင်းခံခဲ့ရတော့ ရွယ်တူတန်းတူတွေနဲ့ ဆက်ဆံထိတွေ့ရာမှာ သဟဇာတအဆင်ပြေအောင်မနေတတ်။ ညှိယူနိုင်စွမ်းမရှိခဲ့ဘူးလေ။ စိတ်ထဲက အလိုမကျမှုဒဏ်ရာ အခုထိနာနေသေး။ သားသမီးတွေ၊ မြေးတွေခေတ်ရောက်လာတော့ သားသမီးဆိုတာ ငယ်ရွယ်သေးငွေ့၊ ကလေးဘဝကတည်းက ဆောင်စရာကိုဆောင်စေရမယ်။ ရှောင်စရာကို ရှောင်စေရမယ်။ တင်းကျပ်တင်းမာလွန်းတာမကောင်းသလိုပဲ လျော့ရဲအလိုလိုက်ထားလွန်းရင်လည်း ပျက်စီးစေနိုင်ပါတယ်။ ကံကောင်းပါသေးရဲ့။

သူငယ်တန်းဆရာမ၊ ပထမတန်းဆရာမတွေက မိမိကို ချော့ချော့မော့မော့၊ ကြင်ကြင်နာနာနဲ့ ဖေးဖေးမမ ပြုပြင်လေ့ကျင့်ပေးခဲ့ကြပေတယ်။ လူဖြစ်လာတာ အမိအဖကျေးဇူးလိုပဲ ကျေးဇူးအင်မတန်ကြီးလို့ ဆရာသမားလည်း အနန္တောအနန္တငါးပါးထဲမှာ တစ်ပါးအပါအဝင်ထည့်သွင်းသတ်မှတ်ရပေတာကိုး။

**အာစရိယာ**

ကျောင်းသင်ပညာရေးမှာ မူလတန်းပြဆရာ၊ ဆရာမတွေဟာ အနိမ့်ဆုံးလစာမျှသာရကြပေမယ့် တပည့်ကလေးငယ်တွေအပေါ်မှာ စေတနာထားရင်ထားသလောက် ကလေးအားလုံးရဲ့မိခင်သဖွယ်ပူပန်ရ၊ စိုးရိမ်ရ၊ တစ်ဦးချင်းကို အာရုံစိုက်ပြီး ပြုစုပျိုးထောင်သင်ကြားရ၊ အင်မတန်လူပင်ပန်း၊ စိတ်ပင်ပန်းတာဝန်ထမ်းဆောင်ကြရပါတယ်။ သူတို့မှာ ရတာကနည်းပြီး ပေးဆပ်ရတာက များကြလေတော့ ဆရာ၊ ဆရာမတွေရဲ့ စိတ်ရင်းစိတ်ထားဖြူစင်မွန်မြတ်မှုက အလွန်တရာထင်ရှားသိသာလှပါတယ်။ ဒါကြောင့်လည်း မူလတန်းပြဆရာမလေးတွေရဲ့ မျက်နှာအများစုက အပြစ်ကင်းစင်ပြီး စိတ်ရင်းစေတနာမွန်မြတ်ဖြူစင်ကြလေတော့ သူတို့ဟာ ပြုံးပန်းတွေကိုယ်စီနဲ့ လှပလန်းဆန်းနေကြတော့တာပဲ။

မိမိက စာသင်ရတာဝါသနာပါခဲ့ပါတယ်။ ဖခင်ကလည်း ကျောင်းဆရာမို့ အဖေက သူ့တပည့်တွေကို ကောင်းစားစေချင်၊ ဘဝမြင့်စေချင်လို့ မြင့်တင်ပျိုးထောင်ကြိုးစားလုပ်ဆောင်နေတာကို အနီးကပ်ကြည့်မြင်ပြီး ပစ္စည်းဥစ္စာချမ်းသာဖို့မလိုဘူး။ စေတနာ၊ မေတ္တာချမ်းသာရင် ဘဝဟာ ပြည့်စုံလုံလောက်တယ်လို့ ခံစားနားလည်သိမြင်မိတယ်။ ဒါကြောင့် ငွေရှာဖို့လည်း စိတ်ကူးမရှိဖူးဘူး။ စီးပွားဥစ္စာချမ်းသာဖို့ရာလည်း မရည်ရွယ်ခဲ့ဘူး။ ကျောင်းဆရာဘဝလို လောကကြီးကို ပိုမိုသာယာလှပဖွံ့ဖြိုးအောင် ဥယျာဉ်မှူးလိုပဲ ကလေးသူငယ် လူငယ်လူရွယ်တွေကို ပဲ့ပြင်သင်ကြားကျောင်းဆရာအလုပ်မျိုးသာ ဂုဏ်ယူအားကျခဲ့တယ်။ အဖေ့ကိုချစ်တော့ ဆရာတွေကိုချစ်တတ်တယ်။ အဖေ့ကိုအားကျမိတော့ ဆရာ၊ ဆရာမတွေကိုလည်း လေးစားရိုသေတယ်။ ဆရာ၊ ဆရာမတွေကလည်း သူတို့ကို မိဘလိုပဲ သဘောထားတဲ့တပည့်မျိုးမို့ မိမိဘဝတစ်လျှောက်လုံးမှာ ဆရာကောင်းသမားကောင်း၊ လမ်းညွှန်ပြသ၊ ဆုံးမကူညီတဲ့ပုဂ္ဂိုလ်တွေပဲ ကြုံတွေ့ခဲ့ရတယ်။

**မင်းမှုထမ်း**

အကြောင်းတိုက်ဆိုင်စွာပဲ တပ်မတော်မှာ စစ်ဆင်ရေး၊ အုပ်ချုပ်ရေး၊ စည်းရုံးရေးတာဝန်အဆင့်ဆင့်အမျိုးမျိုးကို တာဝန်ထမ်းဆောင်ခဲ့ရသလို လေ့ကျင့်ရေးတာဝန်ကိုလည်း ငါးနှစ်လောက် တပ်မတော်စစ်ဦးစီးတက္ကသိုလ်မှာ သင်တန်းအပတ်စဉ်(၄၀)မှ (၄၅) ထိ ငါးပတ်၊ ဆရာအဖြစ် စစ်ပညာများသင်ကြားပြသခွင့်ရခဲ့ပါတယ်။ ဥစတကျောင်းအုပ်ကြီး ဗိုလ်ချုပ်စန်းအောင်၊ ဗိုလ်မှူးကြီးစိုးမြင့်၊ ဗိုလ်မှူးကြီး သိန်းအောင်၊ ဗိုလ်မှူးချုပ်စိုးတင့် လေးဆက်ထမ်းဆောင်ခဲ့ရတယ်။ ဗထူးနှစ်နှစ်၊ ကလောသုံးနှစ်။

စစ်ဦးစီးတက္ကသိုလ်ဆိုတာ သင်တန်းသားဒုတိယဗိုလ်မှူးကြီးများကို သင်ကြားပို့ချဆွေးနွေးရတာပါ။ တပ်မတော်အရာရှိလောင်း၊ ဗိုလ်လောင်းများကို သင်ကြားလေ့ကျင့်တဲ့ ပြင်ဦးလွင်စစ်တက္ကသိုလ်မဟုတ်ပါ။ သဲသဲကွဲကွဲသိသူရှိသလို ခွဲခွဲခြားခြားမသိသေးသူတချို့တွေ့ဖူးလို့ အခုလိုတင်ပြတာဖြစ်ပါတယ်။ လေ့ကျင့်ရေးတာဝန်ဆိုတာကတော့ နည်းပြ၊ ကျောင်းဆရာအလုပ်ပါပဲ။ ပို့ချတာ၊ သရုပ်ပြတာ၊ လက်တွေ့လုပ်ဆောင်လေ့ကျင့်မှုတွေကို ကြပ်မတ်တာ၊ အကဲဖြတ်စစ်ဆေးအမှတ်ပေးတာ၊ သင်တန်းသားကိုယ်ရည်ကိုယ်သွေးကို မှတ်ချက်ပြုရတာ၊ စာမေးပွဲစစ်တာ စတဲ့ အချက်တွေပေါ့။ တက္ကသိုလ်ဆရာဆိုတော့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်အောင် လေ့လာဆည်းပူးပြီး စာတမ်းတွေပြုစုရတာတွေလည်းပါသပေါ့။ သုတေသနကိုပျော်ပါတယ်။ မိမိက စာဖတ်သန်တာကိုး။

မိမိဘဝနဲ့ယှဉ်ပြီး သိမြင်သမျှ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြချင်လို့ အချီးက ရှည်လျားသွားမိရင်လည်း ခွင့်လွှတ်ပါ။ ဒီအချက်တွေကို ဘယ်သူကဝေငှနေတာလဲဆိုတာသိထားရင် ပိုပြီးလေးနက်မယ်ထင်လို့ပါ။

ကိုယ်ပိုင်စိတ်ကူးစိတ်သန်းတွေ စိတ်ကူးပေါ်ရာဖော်ပြနေတာတော့မဟုတ်ပါ။ မိမိလေ့လာဖတ်ရှုမိတဲ့ စာအုပ်တစ်အုပ်ထဲကကောက်နုတ်ပြီး ဆီလျော်အောင်မြန်မာမှုပြုပြီး ဆွေးနွေးတာပါ။

သင်တန်းသား၊ သင်တန်းသူ၊ ကျောင်းသား၊ ကျောင်းသူဟာ ကျောင်းသွားရင်တာဝန်ကျေပြီ။ စာသင်ခန်းထဲမှာ ဆရာဟောပြောတာနားထောင်ရင်ပြီးပြီလို့ ထင်မှတ်ခဲ့ကြတယ်။ (အတန်းမြင့်လာလေလေ စာသင်ယူသူဟာ ကိုယ်တိုင်လိုချင်စိတ်နဲ့ ကြိုးစားအားထုတ်မှုများများလုပ်ပါမှ တကယ်သိလာတယ်၊ တကယ်တတ်ကျွမ်းနိုင်တယ်ဆိုတာ သဘောပေါက်လာမှာပါ)။

**ခုတ်လိုက်**

စာသင်သားက အဓိကဇာတ်လိုက်ပါ။

ကိုယ့်ဘဝကို ကိုယ်ဖန်တီးပျိုးထောင်ရမှာ။

ဆရာ၊ ဆရာမသင်ပြပို့ချတာက အပ်ဖျားရေစက်မျှသာ။ မောင်တို့မယ်တို့က ပင်လယ်ကိုကူးဖြတ်ကြရမှာ။ ရေအကြောင်း ကကြီးကနေ အ အထိ၊ အေမှဇက်တိုင်အောင် ဆက်လက်ဖြတ်သန်းကျော်လွှားနိုင်ရမှာဖြစ်ပါတယ်။ စာရေးသူက ဘေးကနေ အထောက်အကူလက်နက်ကိရိယာတန်ဆာပလာတွေ ထပ်ဖြည့်ပေးတဲ့သဘောပြောနေတာပါခင်ဗျာ။

ယူမယ်ဆိုရင် တွင်းထွက်အဖိုးထိုက်ရတနာပါ။ အချက်အလက်ကို လက်တွေ့လုပ်ဆောင်ဖို့ အဆင့် ၁၂ ခုလို့ မှတ်ယူစေလိုပါတယ်။ တကယ်လုပ်ရင် ထိရောက်မယ်။

❖ မိဘနှစ်ပါးက သင့်ကို တက္ကသိုလ်ထားနိုင်ဖို့ နေပူစပ်ခါး၊ မိုးထဲလေထဲ၊ နေပူထဲမှာ ပင်ပင်ပန်းပန်းငွေရှာငွေစုဖို့ အလုပ်လုပ်ခဲ့ရပုံ၊ ဆရာ၊ ဆရာမတွေက မိမိကို စေတနာထားသင်ကြားပြသပုံ၊ သူငယ်ချင်းတွေက မိမိဒုက္ခရောက်နေတုန်း အားပေးဖေးမခဲ့ကြပုံ။ ကျေးဇူးတင်ထိုက်တဲ့သူဟူသမျှကို သင်ကခံစားနားလည်ကြောင်း ပြသပါ။ ပြောပါ။ ရေးပါ။ သူတို့သေမှ ကျေးဇူးမဆပ်လိုက်နိုင်ဘူးဆိုပြီး ငိုယိုနောင်တရမနေမိပါစေနဲ့။ လူသားတွေဟာ ကျေးဇူးတရားနဲ့မကင်းနိုင်ကြဘူး။ ညံ့ဖျင်းတဲ့လူတွေကသာ ကျေးဇူးမသိတတ်၊ ကျေးဇူးမဆပ်ရုံမျှမက ကျေးဇူးကန်း၊ ကျေးစွပ်ကြတာ။ ❖

**၁။ မှတ်သားပါ**

တစ်နေ့ ဝါကျတစ်ကြောင်း အနည်းဆုံးကျက်မှတ်ပါ။ နေ့စဉ်ရက်ဆက် ၂၀ ရက် ဆက်တိုက်ကျက်ပါ။ ၂၀ ရက်ကြာတဲ့အခါ ဝါကျ ၂၀ ကြောင်း အလွတ်ဆိုပြပါ။ အလွတ်ရေးပြပါ။

**၂။ မျှဝေပါ**

ကိုယ်ကြိုက်နှစ်သက်တဲ့စာကြောင်းကို မိသားစုဝင်ဖြစ်ဖြစ်၊ သူငယ်ချင်း၊ အပေါင်းအသင်း၊ မိတ်ဆွေဖြစ်ဖြစ် ပြောပြပါ။ ရေးပြပါ။ E-mail, Facebook စသဖြင့် Social Media ကလည်း မျှဝေနိုင်ပါတယ်။

**၃။ စကားလုံးအစီပွယ်ကို လက်တွေ့ဘဝမှာ အသုံးချပါ**

စာလုံးတွေကို ကျင့်သုံးလိုက်နာခြင်းအားဖြင့် ကိုယ့်ဘဝကို တိုးတက်ပြောင်းလဲအောင် အသုံးချလေ့ကျင့်ပါ။

**၄။ ကျေးဇူးတင်ကြောင်းဖော်ပြပါ**

စာသင်ပေးတဲ့ဆရာ၊ ဆရာမ၊ သင့်ကိုမုန့်ကျွေးတဲ့ သူငယ်ချင်း၊ သင့်ချွတ်ယွင်းချက်၊ အားနည်းချက်ကို ပြင်ပေးတဲ့နည်းပြ၊ မိတ်ဆွေ စသဖြင့် ကျေးဇူးတင်စရာကောင်းသူဟူသမျှကို ကျေးဇူးတင်ပါကြောင်း မမေ့မလျော့ (ထုတ်ဖော်)ပြောဆိုပါ။

**၅။ အကဲခတ်ပါ**

သင့်ပတ်ဝန်းကျင်ကလူတွေကို တစ်ဦးချင်းစီ မိမိရဲ့အပြုအမူ၊ အပြောအဆို၊ လုပ်ပုံကိုင်ပုံတွေကို ဘယ်လိုသူက တုံ့ပြန်သလဲ(အပြုသဘောအမြင်နဲ့) အကဲခတ်ပါ။ ဘာသိဘာသာမနေဘဲ အလေးထားအာရုံစိုက်ကြည့်ရင် သင်မသိခဲ့တာတွေ သိလာရလိမ့်မယ်။

**၆။ ရှာဖွေပါ**

သင့်ဘဝတက်လမ်းအတွက် ဘယ်တံခါးတွေပွင့်နေကြသလဲ။ နေ့စဉ်ကြည့်ပါ။ ရှာပါ၊ စဉ်းစားပါ။ မိမိရနိုင်တဲ့အခွင့်အလမ်းတွေဟာ ကိုယ်သတိမထားလိုက်မိတဲ့အတွက် လက်လွှတ်ဆုံးရှုံးရတတ်တာမျိုးမဖြစ်ရစေနဲ့။ မျက်စိဖွင့်၊ နားစွင့်၊ သတင်းမေး၊ မသိသေးတာကိုစုံစမ်း၊ မရှင်းသေးတာရှင်းလင်းအောင် စူးစမ်း၊ အခွင့်အရေးတစ်ခုခုပေါ်လာတာနဲ့ "ဂွပ်ခနဲ"ဖမ်းဆုပ်ကိုင်နိုင်အောင် နိုးနိုးကြားကြားရှိနေရပါမယ်။

**၇။ နားထောင်ပါ**

ကိုယ်က စကားများများပြောတာထက် သေသေချာချာအာရုံစိုက်ပြီး နားထောင်ပါမှ အကျိုးအမြတ်ရပါတယ်။ ကိုလေပေါ၊ မလေပေါလုပ်မနေနဲ့။ ပိုက်ဆံမပေးရတိုင်း မပြောသင့်တာပြောမိ၊ မရေးရမှာကိုရေးမိလို့ ထောင်ထဲ လေး၊ ငါးနှစ်လောက် ငါးပိကြော်နဲ့ မိတ်ဖွဲ့ရတဲ့သူတွေကြည့်လိုက်။ ပါးစပ်တစ်ပေါက်ထက် နားနှစ်ဖက်၊ မျက်စိနှစ်လုံးအသုံးချမှ ဘဝဆိုတာ တိုးတက်အောင်မြင်တာပါခင်ဗျာ။

**၈။ သင်ယူပါ**

သူတစ်ပါးဆီက အတုယူစရာကောင်းတဲ့အပြုအမူ၊ အပြောအဆို၊ ကြိုးစားပုံ၊ စဉ်းစားပုံ၊ စိတ်ရှည်ပုံ၊ သဘောထားကြီးပုံ၊ ဌွဲရှိပုံ၊ သတ္တိရှိပုံ၊ ကိုယ်ကျင့်တရားကောင်းပုံတွေ။

**၉။ ခံစားနားလည်ပါ**

မိဘနှစ်ပါးက သင့်ကို တက္ကသိုလ်ထားနိုင်ဖို့ နေပူစပ်ခါး၊ မိုးထဲလေထဲ၊ နေပူထဲမှာ ပင်ပင်ပန်းပန်းငွေရှာငွေစုဖို့ အလုပ်လုပ်ခဲ့ရပုံ၊ ဆရာ၊ ဆရာမတွေက မိမိကို စေတနာထားသင်ကြားပြသပုံ၊ သူငယ်ချင်းတွေက မိမိဒုက္ခရောက်နေတုန်း အားပေးဖေးမခဲ့ကြပုံ။ ကျေးဇူးတင်ထိုက်တဲ့သူဟူသမျှကို သင်က ခံစားနားလည်ကြောင်း ပြသပါ။ ပြောပါ။ ရေးပါ။ သူတို့သေမှ ကျေးဇူးမဆပ်လိုက်နိုင်ဘူးဆိုပြီး ငိုယိုနောင်တရမနေမိပါစေနဲ့။ လူသားတွေဟာ ကျေးဇူးတရားနဲ့မကင်းနိုင်ကြဘူး။ ညံ့ဖျင်းတဲ့လူတွေကသာ ကျေးဇူးမသိတတ်၊ ကျေးဇူးမဆပ်ရုံမျှမက ကျေးဇူးကန်း၊ ကျေးစွပ်ကြတာ။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# မြောင်မြို့နယ်တွင် နှမ်းပါး ၁၅၂၄ ဧက ရိတ်သိမ်းပြီးစီး

**မြောင် ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော နှမ်းပါး ၁၅၂၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော နှမ်းပါးစိုက်ဧကများရိတ်သိမ်းမှုကို ယခုနှစ် မေလမှစတင်၍ ရိတ်သိမ်းလျက်ရှိရာ ယနေ့ထိ နှမ်းပါး ၁၅၂၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ဧကများကိုလည်း ယခုလအတွင်း အပြီးရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြောင်မြို့နယ်မှာ နှမ်းပါး စိုက်ပျိုးမှုအနေနဲ့ကတော့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ်တိုးလာပါတယ်။ အခုစိုက်ပျိုးထားတဲ့ နှမ်းပါးစိုက်ခင်းတွေ ရိတ်သိမ်းနေကြပါပြီ။ အခုအချိန်ထိ နှမ်းပါးဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးနေပြီ။ တစ်ဧကကို ပျမ်းမျှ ၈၄ ဒသမ ၀၂ တင်း ထွက်ရှိပါတယ်"ဟု ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် နှမ်းပါး ၂၅၇၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၂၇၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် နှမ်းပါး ၂၅၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၈၄ ဒသမ ၃၈ တင်းထွက်ရှိကြောင်း သိရသည်။

မြောင်မြို့နယ်၌ ယခုနှစ်တွင် နှမ်းပါးစိုက်ပျိုးသည့် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



➤ စာမျက်နှာ ၄ မှအဆက်

**၁၀။ ကြည့်မြင်ပါ**

အရင်ကမရှိခဲ့တာတွေ မျက်စိရှေ့မှာ တစ်စတစ်စပေါ်ပေါက်လာကြတာ။ ပြောင်းလဲလာကြတာ၊ ဖွံ့ဖြိုးတိုးတက်လာခဲ့တာ။ အပင်တွေကြီး၊ အသီးတွေဝေလာကြတာကို မြင်အောင်ကြည့်ပါ။ ကြက်ဟင်းခါးစေ့စိုက်ပြီး သရက်သီး၊ ပန်းသီးစားရဖို့ မမျှော်လင့်နဲ့လေ။ ရောမမြို့ကြီး၊ လန်ဒန်မြို့ကြီး၊ စင်ကာပူမြို့ကြီး ကြီးကျယ်ခမ်းနားတာလည်း မအံ့သြနဲ့လေ။ ရက်၊ လ၊ နှစ်ပေါင်းများစွာ လက်ဆင့်ကမ်းတည်ဆောက်ကြတာလေ။ မိမိတို့လည်း စိတ်ရှည်ရှည်၊ ဇွဲသန်သန်၊ လုံ့လဝီရိယနဲ့ အဲဒီလိုပဲတည်ဆောက်ယူရမှာ မဟုတ်လား။ မြင်အောင်ကြည့်၊ သိအောင်လေ့လာ၊ နားလည်အောင်တွေး။

**၁၁။ သူတစ်ပါးကို မြှင့်တင်ပေးမပါ**

လူတွေက ကိုယ့်ကိစ္စပဲ ကိုယ်အဓိကစဉ်းစားနေကြတာ။ ဆွမ်းခံလာတဲ့ ရဟန်းသံဃာတော်ကို ဆွမ်းလောင်းရမှန်း၊ သီလရှင်ကို ဆွမ်းဆန်လောင်းရမှာမှန်း လုံးဝမစဉ်းစားမိသူတွေကများကြတယ်။ လောကကြီးဟာ မိမိအပါအဝင် လူ့အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားတာမဟုတ်လား။ (ဘာသာရေးသဘောပြောခြင်းမဟုတ်) လူသားအချင်းချင်း ဖြူဖြူမည်းမည်း၊ အမျိုးသား၊ အမျိုးသမီး၊ တောသား၊ မြို့သားခွဲခြားမနေနဲ့။ သူ့မှာ အခက်အခဲရှိရင် မိမိက ဘာများကူညီပေးနိုင်မလဲ စဉ်းစားတတ်ပါစေ။ ဆွမ်းတို့၊ ဆန်တို့၊ ပစ္စည်းတို့ မပေးနိုင်ရင်တောင် "ကန်တော့ဆွမ်းပါဘုရား"လို့ ရိုသေမှုဂါရဝအပြုအမူကို ပြသလိုက်ရင်လည်း သင်ဟာ ကြင်နာတတ်တဲ့ မေတ္တာရှင် လူသားကောင်းတစ်ယောက်ပါပဲ။ ကြည်ညိုစရာဝိညာဉ်ရှိတဲ့ သူပေပဲ။

**၁၂။ ပျော်ရွှင်ကျေနပ်ပါ**

သင်လုပ်နေရတဲ့အလုပ်၊ သင်ရောက်နေရတဲ့နေရာ၊ သင်ထမ်းဆောင်နေရတဲ့တာဝန်၊ ဘာပဲဖြစ်ဖြစ် ပကတိအခြေအနေမှာ အကောင်းဆုံးလုပ်ဆောင်နေပါ။ စေတနာထားပြီးလုပ်လိုက်ပါ။ ပျော်ပျော်ရွှင်ရွှင်လေချွန်ပြီး လုပ်နေပါ။ ဟော သင်ပျော်ရွှင်ကျေနပ်တတ်ပြီဆိုတာနဲ့ ကောင်းကျိုးပဒေသာပင်တွေ သူ့နောက်ကနေ တသီတတန်းကြီးရောက်လာတော့မှာသေချာ။

စာရေးသူက မြန်မာလိုရေးနေတာရဲ့ မူရင်းက ဒီလိုပါ-

**နိဂုံး**

၁။ MEMORIZE
၂။ SHARE
၃။ PUT
၄။ SAY
၅။ WATCH
၆။ LOOK
၇။ LISTEN
၈။ LEARN
၉။ FEEL
၁၀။ SEE
၁၁။ PAY
၁၂။ ENJOY

ဘယ်လိုမှတော့ မအောက်မေ့နဲ့နော်။ စာရေးသူက ကျောင်းဆရာဘဝလုပ်ဆောင်ခဲ့ရဖူးတော့ ကျောင်းဖွင့်စ အခုလိုရာသီ(ဇွန်လ)ဆိုရင် အတန်းသစ်၊ ကျောင်းသစ်၊ အခြေအနေအပြောင်းအလဲမှာ စိတ်မညစ်မိအောင် အားပေးချင်တဲ့အကျင့်ကပါနေမိလို့ပါ။ ဘဝဆိုတဲ့ကျောင်းတော်ကြီးထဲက လူသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။

# ခေတ်သစ်လယ်ယာမြေ

\- မှတ်သုံလေ နိုးအထ
မိုးကျလို့ လာချေပြီ၊
အုန်းအင်မြည် ကိုရွှေဖားက
ပျော်ပါး ရွှင်ကြည်၊
မျိုးချဖို့ လယ်ကွင်းဆီ
ထယ်သွင်းညီ ထွန်ပါသေး၊
ကန်သင်းပေါင် လုံအောင်ထေးလို့
မိုးရေ တက်ဖွေး။

\- ပြည့်ဝမ်းစာ ဖူလုံရေးမို့
ကျသည့်ချွေး မသုတ်သာ၊
တစ်နိုင်မှာ တစ်ပိုင်တိုးလို့
စိုက်ပျိုးရိက္ခာ၊
တန်ဖိုးမြှင့် ထည်ဝါ
လယ်ယာနှင့် ဆည်မြောင်း၊
သွင်း ထုတ် ကုန် အစုံရသည့်
ဇုန်လှသစ်ကောင်း။

\- လယ်ယာမြေ စနစ်ဟောင်းတို့
ခေတ်ပြောင်းလို့ ရှေ့သို့နှင်၊
စက်မှုထွင် ယာဉ်အစွမ်းကြောင့်
ပင်ပန်းမထင်၊
ထွန်စက်နှင့် ထွန်ရေးပြင်
ရိတ်ရင်းပင် ခြွေကာလှေ့၊
လယ်ယာမြေ ရွှေရောင်လွှမ်းလို့
အောင်ပန်းကိုပွေ့။ ။

**ကိုမောင်လှသိန်း(ညိုမြတို့ရွာ)**

# မင်းဘူးမြို့နယ် ငွေသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ငွေသောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဥပဒေ၊ နည်းဥပဒေများအကြောင်းနှင့် အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငွေသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးကို ရန်ပုံငွေကျပ် ၄၃၅ ဒသမ ၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**စင်မာ**

# နိုင်ငံတကာ သတင်းများ

## ထိုင်ဝမ်ရေလက်ကြား အလယ်မျဉ်းကို တရုတ်စစ်လေယာဉ်များ ဖြတ်ကျော်ပျံသန်း

**တိုင်ပေ ဇွန် ၁၁**

တရုတ်(တိုင်ပေ)နှင့် တရုတ်ပြည်မကြီးတို့အကြား တရားမဝင်နယ်စည်းမျဉ်းဖြစ်သည့် ထိုင်ဝမ်ရေလက်ကြား အလယ်မျဉ်းကို တရုတ်လေတပ်စစ်လေယာဉ် ၁၀ စင်းတို့က ယနေ့တွင် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယနေ့တွင် တရုတ်(တိုင်ပေ) ကျွန်းဝန်းကျင်၌ တရုတ်လေတပ်စစ်လေယာဉ် ၂၄ စင်း ထောက်လှမ်းတွေ့ရှိခဲ့ရာ ၎င်းလေယာဉ်များအနက် ၁၀စင်းသည် ထိုင်ဝမ်ရေလက်ကြား အလယ်မျဉ်းကို ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း တရုတ်(တိုင်ပေ)ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တရုတ်လေတပ်စစ်လေယာဉ်များကို စောင့်ကြည့်ရေးအတွက် တိုက်လေယာဉ်များနှင့် စစ်လေယာဉ်များ အရေးပေါ်စေလွှတ်ခဲ့ကြောင်း တရုတ်(တိုင်ပေ)ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယနေ့တွင် တရုတ်(တိုင်ပေ) အနီးတွေ့ရှိခဲ့ရသော တရုတ်စစ်လေယာဉ်များထဲတွင် ဂျေ-၁၀၊ ဂျေ-၁၁၊ဂျေ-၁၆နှင့်အက်စ်ယူ- ၃၀ တိုက်လေယာဉ်များ၊ အိတ်ချ်-၆ အမျိုးအစားမဟာဗျူဟာ ဗုံးကြဲလေယာဉ်များလည်း ပါဝင်ကြောင်း သိရသည်။


ဇွန် ၈ ရက်ကလည်း တရုတ်လေတပ်မှစစ်လေယာဉ် ၃၇ စင်းတို့သည် တရုတ်(တိုင်ပေ)၏ လေကြောင်းရန်ကာကွယ်ရေးစိစစ်ဇုန်အတွင်းဝင်ရောက်ပျံသန်းခဲ့သည်။

တရုတ်(တိုင်ပေ)ကို ပြည်မကြီး အချုပ်အခြာပိုင် နယ်မြေအဖြစ် သတ်မှတ်ထားသည့် တရုတ်အစိုးရသည် ပြီးခဲ့သည့်နှစ်များအတွင်း တရုတ်(တိုင်ပေ)ဝန်းကျင်၌ စစ်ရေးလှုပ်ရှားမှုများ မြှင့်တင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

KKO



## တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဟွန်ဒူးရပ်စ်သံရုံးဖွင့်လှစ်



**ပေကျင်း ဇွန် ၁၁**

ဟွန်ဒူးရပ်စ်နိုင်ငံသည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ယနေ့တွင် တရုတ်နိုင်ငံဆိုင်ရာ ဟွန်ဒူးရပ်စ်သံရုံးကို တရားဝင်ဖွင့်လှစ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သံရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းနှင့်ဟွန်ဒူးရပ်စ်နိုင်ငံခြားရေးဝန်ကြီး အင်ရီကေးရိုင်နာတို့ တက်ရောက်ခဲ့ကြသည်ဟု တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဟွန်ဒူးရပ်စ်နိုင်ငံသည် တရုတ်အစိုးရနှင့် သံတမန်ဆက်ဆံရေး တရားဝင် ထားရှိခဲ့ပြီးနောက် ပေကျင်းမြို့၌ ဟွန်ဒူးရပ်စ်သံရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဟွန်ဒူးရပ်စ်အစိုးရသည် ယခုနှစ် မတ်လအတွင်း တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အဆံဖြတ်တောက်၍ တရုတ်နိုင်ငံနှင့်တရားဝင်သံတမန်ဆက်ဆံရေး ထားရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဟွန်ဒူးရပ်စ်သမ္မတ ရှီအိုမာရာကက်စထရိုသည် ခြောက်ရက်ကြာ တရုတ်နိုင်ငံခရီးစဉ်အဖြစ် ဇွန် ၉ ရက်တွင် တရုတ်နိုင်ငံသို့ ရောက်ရှိလျက်ရှိသည်။

အဆိုပါခရီးစဉ်အတွင်း သမ္မတကက်စထရိုသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

KKO

## ၂၀၁၉ ခုနှစ်မှစတင်၍ ကျူးဘားတွင် တရုတ်သူလျှိုစခန်းရှိခဲ့ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများ ပြောကြား

**ဝါရှင်တန် ဇွန် ၁၁**

တရုတ်နိုင်ငံသည် အနည်းဆုံး ၂၀၁၉ ခုနှစ်ကပင် ကျူးဘားနိုင်ငံ၌ သူလျှိုစခန်းတစ်ခု ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများ၏အဆိုကို ကိုးကား၍ အေပီသတင်းဌာနက ဇွန် ၁၀ ရက်တွင် ဖော်ပြခဲ့သည်။

အမေရိကန် ထောက်လှမ်းရေးတာဝန်ရှိသူများအနေဖြင့် ကျူးဘားနိုင်ငံ၌ တရုတ်နိုင်ငံက သူလျှိုစခန်းဖွင့်လှစ်ထားမှုကို သိရှိထားပြီးဖြစ်ကြောင်း အမေရိကန်အစိုးရထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၁၀ ရက်တွင် ပြောကြားခဲ့သည်။

ကျူးဘားနိုင်ငံ၌ သူလျှိုစခန်း ဖွင့်လှစ်ရေးအတွက် တရုတ်နှင့် ကျူးဘားနိုင်ငံတို့အကြား သဘောတူညီချက်ယူထားကြောင်း ဝေါလ်စထရိဂျာနယ်သတင်းစာက ဇွန် ၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးနောက် ကျူးဘားနိုင်ငံ၌ သူလျှိုစခန်း တရုတ်ဖွင့်ထားမှုကို အမေရိကန်အစိုးရက အတည်ပြုခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့်ကျူးဘားတို့ရယူထားသည့်သဘောတူညီချက်အရ တရုတ်နိုင်ငံက ကျူးဘားနိုင်ငံ၌ အီလက်ထရွန်နစ်သူလျှိုစခန်းဖွင့်လှစ်မည်ဖြစ်ပြီး အပြန်အလှန်အနေဖြင့် ကျူးဘားအတွက် ဘဏ္ဍာရေးအကူအညီများပေးအပ်မည်ဖြစ်သည်။

ကျူးဘားနိုင်ငံသည် အမေရိကန်နိုင်ငံ ဖလော်ရီဒါကမ်းရိုးတန်းနှင့်မိုင်၁၀၀သာကွာဝေးသည့် တရုတ်သူလျှိုစခန်းအနေဖြင့် အမေရိကန်နိုင်ငံ အနောက်မြောက်ပိုင်းတစ်ခွင် စစ်ရေးလှုပ်ရှားမှုများကိုစောင့်ကြည့်ထားနိုင်မည်ဖြစ်သည်။

သို့ရာတွင် ဝေါလ်စထရိဂျာနယ်သတင်းစာပါ တရုတ်သူလျှိုစခန်းသတင်းကို ကျူးဘားတာဝန်ရှိသူများက ငြင်းပယ်ထားကြောင်း သိရသည်။

KKO

## လန်ဒန်စစ်ရေးပြချီတက်ပွဲ၌ အပူဒဏ်ကြောင့် ဗြိတိန်တပ်ဖွဲ့ဝင်အချို့ မူးမေ့လဲကျ

**လန်ဒန် ဇွန် ၁၁**

ဗြိတိန်အိမ်ရှေ့မင်းသား ဝီလျံအတွက် လန်ဒန်မြို့၌ ဇွန် ၁၀ ရက်တွင် ကျင်းပခဲ့သည့် စစ်ရေးပြဂုဏ်ပြုပွဲ၌ အပူဒဏ်ကြောင့် ဗြိတိန်တပ်ဖွဲ့ဝင်အချို့မှာ မူးမေ့လဲကျခဲ့ရကြောင်း စကိုင်းနယူးစ်သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ စစ်ရေးပြဂုဏ်ပြုပွဲအတွင်း ပြင်းထန်သည့်အပူဒဏ်ကြောင့် စစ်ရေးပြချီတက်ပွဲ၌ ပါဝင်သူ ဗြိတိန်တပ်ဖွဲ့ဝင် အနည်းဆုံး သုံးဦး မူးမေ့လဲကျခဲ့ရကြောင်း သိရသည်။

အဆိုပါစစ်ရေးပြချီတက်ပွဲသည် ဝေးလ်အစောင့်တပ်၏ဂုဏ်ထူးဆောင်ဗိုလ်မှူးကြီးရာထူး ရယူထားသူ အိမ်ရှေ့မင်းသား ဝီလျံအတွက် ဂုဏ်ပြုကျင်းပသည့် စစ်ရေးပြပွဲဖြစ်သည်။

သို့သော် စစ်ရေးပြပွဲကျင်းပချိန်တွင် လန်ဒန်မြို့၏နေ့အပူချိန်မှာ ၈၆ ဒီဂရီဖာရင်ဟိုက်ထိ မြင့်တက်နေကြောင်း သိရသည်။

ခက်ခဲသည့်အခြေအနေမျိုးတွင် မိမိတို့တာဝန်ကို အကောင်းဆုံးထမ်းဆောင်ပေးခဲ့ကြသည့်အတွက် စစ်ရေးပြပွဲ၌ ပါဝင်သူ တပ်ဖွဲ့ဝင်အားလုံးကို ကျေးဇူးတင်ကြောင်း မင်းသား ဝီလျံက စစ်ရေးပြပွဲပြီးဆုံးချိန်တွင် တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည်။

ဇွန် ၁၀ ရက် စစ်ရေးပြချီတက်ပွဲတွင် နန်းတွင်းအစောင့်တပ်နှင့် မြင်းဆွဲအမြောက်တပ်တို့မှ တပ်ဖွဲ့ဝင် ဦးရေ ၁၄၀၀ ကျော်နှင့် မြင်းကောင်ရေ ၂၀၀ တို့ပါဝင်ခဲ့ကြကြောင်း သိရသည်။ KKO

## တူရကီနိုင်ငံ၌ စစ်လက်နက်ပစ္စည်းစက်ရုံပေါက်ကွဲမှုဖြစ်ပွား အဆောက်အအုံပြိုကျမှုကြောင့် လူ ငါးဦး သေဆုံး

**အင်ကာရာ ဇွန် ၁၁**

တူရကီနိုင်ငံ၌ ဇွန် ၁၀ ရက်က စစ်လက်နက်ပစ္စည်းစက်ရုံ တစ်ရုံ ပေါက်ကွဲမှုကြောင့် အဆောက်အအုံပြိုကျခဲ့ရပြီး အဆောက်အအုံအတွင်းရှိ အလုပ်သမား ငါးဦး သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။




ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နိုင်ငံပိုင် စစ်လက်နက်စက်ရုံသည် အင်ကာရာမြို့စွန်ဒေသ၌ တည်ရှိကြောင်း သိရသည်။

ဗိုင်းနမိုက်ထုတ်လုပ်နေစဉ်အတွင်း ဓာတုဓာတ်ပြုမှုကြောင့် လက်နက်စက်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရခြင်း ဖြစ်နိုင်ကြောင်း တူရကီတာဝန်ရှိသူများက ယူဆထားသည်။

စစ်လက်နက် ပစ္စည်းစက်ရုံ ပေါက်ကွဲမှုနှင့်ပတ်သက်၍ အစိုးရရှေ့နေများက စုံစမ်းစစ်ဆေးရေးလုပ်ငန်း တရားဝင်စတင်နေပြီဖြစ်ကြောင်း တူရကီအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

စစ်လက်နက် ပစ္စည်းစက်ရုံ ပေါက်ကွဲမှုကြောင့် စက်ရုံအနီးဝန်းကျင်ရှိ နေအိမ်များ၊ ဈေးဆိုင်များလည်း မှန်ပြတင်းများ ကွဲခဲ့ရကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် စစ်လက်နက်ပစ္စည်းစက်ရုံသည် နိုင်ငံပိုင်လုပ်ငန်းကြီး တစ်ခုဖြစ်သော စက်ပစ္စည်းနှင့် ဓာတုစက်မှုလုပ်ငန်းကော်ပိုရေးရှင်းက ကွပ်ကဲသော စက်ရုံဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တွန်းပင့်အားပေးဘေးတွဲဒုံးယာဉ်များ သတ်မှတ်နေရာသို့ကျရောက်ရေး ထိန်းကျောင်းပေးနိုင်သောလေထီးစနစ်ကို စမ်းသပ်ခဲ့



**ပေကျင်း ဇွန် ၁၁**

ယခုလအတွင်း လွှတ်တင်ခဲ့သော အာကာသမစ်ရှင်တစ်ခု၌ တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တွန်းပင့်အားပေးဘေးတွဲဒုံးယာဉ်များ သတ်မှတ်နေရာများသို့သာ ပြန်လည်ကျရောက်ရေးအတွက် ထိန်းကျောင်းပေးနိုင်သော လေထီးစနစ်ကို စမ်းသပ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဇွန် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် အဆိုပါလေထီးစနစ်က မေ ၁၇ ရက်တွင် လွှတ်တင်ခဲ့သည့် လောင်းမတ်ချ်-၃ ဘီ မစ်ရှင်ဖြင့် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုအတွင်း အထက်ပါလေထီးစနစ်သည် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံ၏ ဘေးတွဲဒုံးယာဉ်များကို ကြိုတင်သတ်မှတ်ထားသည့် နယ်မြေများပေါ်သို့ ချပေးနိုင်ခဲ့သည်။

၎င်းလေထီးစနစ်၏ ထိန်းကျောင်းမှုကြောင့် ဘေးတွဲဒုံးယာဉ်များ ကျရောက်နိုင်မည့်နယ်မြေအဝန်းအဝိုင်းမှာ ၈၀ ရာခိုင်နှုန်းထိ ပို၍ကျဉ်းမြောင်းသွားကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ဂြိုဟ်တုလွှတ်တင်ရေးစခန်းအများစုမှာ ကုန်းတွင်းပိုင်းတွင်တည်ရှိသည့် ဂြိုဟ်တုလွှတ်တင်ရေးစခန်းများဖြစ်ကြသည်။

သို့ဖြစ်ရာ ပြန်လည်ကျရောက်လာမည့် ဒုံးပျံအစိတ်အပိုင်းများ လူနေဒေသများသို့ ကျရောက်နိုင်မှုကို တားဆီးရေးအတွက် တရုတ်သိပ္ပံပညာရှင်များက ဦးစားပေးကြိုးစားလျက်ရှိကြောင်း သိရသည်။

KKO

## ကြယ်တစ်စင်းပေါက်ကွဲမှုမှထွက်ပေါ်လာပြီး ကမ္ဘာမြေဆီသို့ရောက်ရှိလာသည့် အလင်းမှုန်များကို တရုတ်နက္ခတ္တရူပဗေဒလေ့လာရေးစခန်းတစ်ခုက မှတ်တမ်းယူနိုင်ခဲ့


**ပေကျင်း ဇွန် ၁၁**

စကြဝဠာအတွင်းရှိ သက်တမ်းကုန် ကြယ်တစ်စင်း ပေါက်ကွဲမှုမှ ထွက်ပေါ်လာပြီး ကမ္ဘာမြေဆီသို့ ရောက်ရှိလာသည့် အလင်းမှုန်များကို တရုတ်နက္ခတ္တရူပဗေဒလေ့လာရေးစခန်းတစ်ခုက မှတ်တမ်းယူနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဇွန် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ကြယ်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် ဖိုတွန်စွမ်းအင်မှုန်များကို တရုတ်နိုင်ငံ တိဗက်ကုန်းမြင့်ဒေသရှိ LHAASO အမည်ရှိ အာကာသလေ့လာရေးစခန်းက ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

GRB 221004A ဟူ၍ အမည်ပေးထားသည့် အထက်ပါကြယ်ပေါက်ကွဲမှုသည် ကမ္ဘာမြေနှင့် အလင်းနှစ် နှစ်ဘီလီယံအကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

သို့ဖြစ်ရာ GRB 221004A ကြယ်ပေါက်ကွဲမှုမှပေါ်ထွက်လာသည့် အလင်းဖိုတွန်မှုန်များသည် ကမ္ဘာမြေသို့ရောက်ရှိရေးအတွက် အာကာသဟင်းလင်းပြင်ကို နှစ်ပေါင်း ၄၆ ဘီလီယံအချိန်ယူခဲ့ရသည့်သဘောဖြစ်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။



LHAASO အာကာသ လေ့လာရေးစခန်းက တွေ့ရှိခဲ့သည့် ဖိုတွန်မှုန်များသည် GRB 221-004A ကြယ်ပေါက်ကွဲမှုပြီးဆုံးပြီးနောက် ကျန်ရှိခဲ့သည့်ဖြာထွက်ရောင်ခြည်များမှ ပေါ်ထွက်လာသော အလင်းဖိုတွန်မှုန်များဖြစ်ကြကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

LHAASO အာကာသ လေ့လာရေးစခန်းသည် စကြဝဠာဖြာထွက်ရောင်ခြည်များကို လေ့လာရေးအတွက် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်မီတာ ၄၄၁၀ တွင် တည်ဆောက်ထားသော အာကာသ လေ့လာရေးစခန်းဖြစ်ကြောင်း သိရသည်။ KKO

## နာဆာအာကာသယာဉ်မှူးနှစ်ဦးက ဇွန် ၉ ရက်တွင် နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ နေစွမ်းအင်ပြားတစ်ချပ်ကို အောင်မြင်စွာတပ်ဆင်ဖြန့်ထုတ်ပေးခဲ့

**ဝါရှင်တန် ဇွန် ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူးနှစ်ဦးသည် ဇွန် ၉ ရက်တွင် နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ နေစွမ်းအင်ပြားတစ်ချပ်ကို အောင်မြင်စွာတပ်ဆင်ဖြန့်ထုတ်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

နာဆာအာကာသယာဉ်မှူး စတီဖင်ဘိုဝင့်နှင့် ဝါရန်းဝုဒ်ဟိုးဘာ့ဂ်တို့၏ နိုင်ငံတကာအာကာသစခန်းယာဉ်ပြင်ပထွက်ခွာချိန်သည် ခြောက်နာရီနှင့်သုံးမိနစ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

အာကာသ ဟင်းလင်းပြင်အတွင်း ရောက်ရှိနေချိန်အတွင်း နာဆာအာကာသယာဉ်မှူးနှစ်ဦးသည် အလေးချိန်ကီလိုဂရမ် ၃၇၀ ရှိ နေစွမ်းအင်ပြားကို အာကာသစခန်း၏ ဟင်းလင်းပြင်ဘက်အခြား၌ တပ်ဆင်ပေးခဲ့သည်။

လက်ရှိအချိန်တွင် နာဆာနှင့် မိတ်ဖက်အာကာသအေဂျင်စီများသည် နိုင်ငံတကာအာကာသစခန်း၏ စွမ်းအင်ဖြည့်ဆည်းမှုစနစ်ကို မြှင့်တင်ရေးအတွက် နေစွမ်းအင်ပြားသစ် ငါးပြားထိ တပ်ဆင်နိုင်ခဲ့ပြီးဖြစ်သည်။

အဆိုပါ နေစွမ်းအင်ပြားသစ်များသည် တစ်ခုလျှင်အလျားပေ ၆၀၊ အနံပေ ၂၀ ရှိပြီး လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၂၀ ကျော်စီ ထုတ်ပေးနိုင်ကြောင်း သိရသည်။

နာဆာအာကာသယာဉ်မှူးများ၏ ဇွန် ၉ ရက် မစ်ရှင်သည် နိုင်ငံတကာ အာကာသစခန်း အာကာသယာဉ်မှူးများအတွက် ယခုနှစ်၏ ခုနစ်ကြိမ်မြောက် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## ကိုဗစ်-၁၉ ကပ်ဘေးအတွင်း နှလုံးဖောက်ခဲ့သူများ အခြားနှလုံးဖောက်သူများထက် ဆိုးပါးနိုင်ခြေပိုစော

**ဒပ်ဘ်လင် ဇွန် ၁၁**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကပ်ဘေးကာလ နေအိမ်ပြင်ပထွက်ခွာမှု ကန့်သတ်ထိန်းချုပ်ရေးစည်းမျဉ်းများ ကျင့်သုံးနေစဉ်အတွင်း နှလုံးရုတ်တရက်ဖောက်ခဲ့သူများသည် ကပ်ဘေးအလွန်ကာလ နှလုံးဖောက်လူနာများထက် အသက်ဆုံးပါးနိုင်ခြေ ၁၈ လပိုစောနိုင်ကြောင်း The Daily Mail သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ကမောက်ကမဖြစ်ခဲ့ရသူ၊ ဆေးရုံများ၌ ပိုး‌ရပ်ကူးစက်ခံရမည့်အရေး စိုးရိမ်ရမှုတို့ကြောင့် ကိုဗစ်-၁၉ ကပ်ဘေးကာလအတွင်း နှလုံးရုတ်တရက်ဖောက်ခဲ့သူများ အနေဖြင့် ဆေးဝါးကုသမှုခံယူရာတွင် နှောင့်နှေးကြန့်ကြာခဲ့ရဖွယ်ရှိကြောင်း အိုင်ယာလန်နိုင်ငံ ဂဲလ်ပေးတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အကျိုးဆက်အားဖြင့် ကိုဗစ်-၁၉ ကူးစက်မှုကပ်ဘေးကာလ နေအိမ်ပြင်ပထွက်ခွာသွားလာမှု ထိန်းချုပ်ရေးစည်းမျဉ်းများ ကျင့်သုံးနေစဉ်ကာလအတွင်း နှလုံးဖောက်ခဲ့သူလူနာများမှာ ဘဝသက်တမ်းပို၍ တိုတောင်းလာနိုင်သည်ဟု သုတေသနပညာရှင်များကသုံးသပ်ထားကြောင်း သိရသည်။

နှလုံးရုတ်တရက်ဖောက်ပါက PCI ခေါ် လုပ်ငန်းစဉ်ဖြင့်ပိတ်ဆို့နေသောသွေးကြောများကို အားချင်းချဲ့ပေးရန်နှင့် အောက်ဆီဂျင်သယ်ဆောင်လာသည့် သွေးစီးဆင်းမှုတို့ကို ထိန်းပေးထားရန်လိုအပ်ကြောင်း သိရသည်။

အကယ်၍ ကုသမှုနှောင့်နှေးကြန့်ကြာခဲ့ပါက နှလုံးကြွက်သားများ ပြုပြင်၍ မရနိုင်လောက်အောင် ပျက်စီးသွားတတ်ပြီး အခြားနှလုံးပြဿနာများလည်း ပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## တနင်္လာနေ့တွင် အသက်အန္တရာယ်ရှိသည့် နှလုံးဖောက်မှုများ အဖြစ်အများဆုံးဖြစ်ပွယ်ရှိ

**ဒပ်ဘ်လင် ဇွန် ၁၁**

သီတင်းတစ်ပတ်လျှင်နေ့ပေါင်းခုနစ်နေ့ရှိသည့်အနက် တနင်္လာနေ့တွင် အသက်အန္တရာယ်ရှိသည့်နှလုံးဖောက်မှုများ အဖြစ်အများဆုံးနေ့ဖြစ်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၁၀ ရက်တွင်ရေးသားတင်ပြထားသည်။

အိုင်ယာလန်နိုင်ငံ ဘုရင့်ခွဲစိတ်ကုသမှု ဆေးပညာကောလိပ်မှ သုတေသနပညာရှင်များသည် အိုင်ယာလန်နိုင်ငံသား နှလုံးဖောက်လူနာ ၁၀၅၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှထွက်ပေါ်လာသည့်ရလဒ်များအရ STEMI ခေါ် နှလုံးဖောက်မှုပုံစံတစ်မျိုး ဖြစ်ပွားနှုန်းသည် အလုပ်ခွင်ဝင်သီတင်းပတ်စတင်ချိန်တွင် မြင့်တက်လာတတ်ပြီး တနင်္လာနေ့တွင်အမြင့်မားဆုံး ဖြစ်နေတတ်ကြောင်းသိရသည်။

သို့ရာတွင် တနင်္လာနေ့၌ STEMI နှလုံးဖောက်မှုနှုန်းအဘယ်ကြောင့် မြင့်တက်လာရသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးပေ။

STEMI နှလုံးဖောက်မှုပုံစံသည် နှလုံးသွေးကြောများလုံးဝပိတ်ဆို့သွားချိန်တွင် ဖြစ်ပွားတတ်ပြီး အသက်အန္တရာယ်ရှိသည့် နှလုံးဖောက်မှုပုံစံဖြစ်သည်။

တနင်္လာနေ့၌ STEMI နှလုံးဖောက်မှုဖြစ်ပွားနှုန်း မြင့်တက်လာမှုသည် Circadial Thythm ခေါ် လူကိုယ်ခန္ဓာ၏အိပ်ချိန်နှင့် နိုးချိန် သံသရာစက်ဝန်းအပြောင်းအလဲများနှင့် ဆက်စပ်နေသည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပိုလန်တင်းနစ်မယ်စဝီယာတက်ခ် ဆွတ်ခူး

**ပဲရစ် ဇွန် ၁၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သည့် ပြင်သစ်အိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လက်ရှိ ချန်ပီယံပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ချက်တင်းနစ်မယ် မူချိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၂ ၊ ၅-၇ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ လက်ရှိ ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း Hurriyet သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို သုံးကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ၂၀၀၇ ခုနှစ် နောက်ပိုင်း ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲအမျိုးအစားတွင် လက်ရှိ ချန်ပီယံကို ကာကွယ်နိုင်ခဲ့သည့် ပထမဦးဆုံးသော တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

မူချိုဗာသည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် လက်ရည်စစ်ပွဲအဆင့်မှ ဗိုလ်လုပွဲစဉ်သို့တက်ရောက်နိုင်ခဲ့သော စတုတ္ထမြောက်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

မူချိုဗာအနေဖြင့် ဗိုလ်လုပွဲစဉ်တွင် စဝီယာတက်ခ်ကို ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြန်လည်အနိုင်ရခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင် စဝီယာတက်ခ်က ကမ္ဘာ့အဆင့်(၁) နေရာတွင် ထိုက်တန်စွာရပ်တည်နေကြောင်းကို ပြသနိုင်ခဲ့သည်။

စဝီယာတက်ခ်က “ဖြစ်ချင်တဲ့အရာတွေ ဖြစ်လာခဲ့တဲ့အတွက် အရမ်းကို ဝမ်းသာပါတယ်။ အနိုင်ရခဲ့တယ်ဆိုပေမဲ့လဲ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ ပွဲအတွင်းမှာ အတက်အကျတွေ မြန်ဆန်ခဲ့ပြီးတော့ အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ ပထမပွဲငယ်ကတော့ အကောင်းဆုံးကစားနိုင်ခဲ့တဲ့ပွဲငယ်ဖြစ်ခဲ့ပြီးတော့ ဒုတိယပွဲငယ်မှာတော့ အမှားအယွင်းတွေများခဲ့ပြီး ခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့ ဒုတိယပွဲငယ်ကအမှားတွေ ပြင်ဆင်ပြီး အကောင်းဆုံးပုံစံပြန်ရခဲ့လို့ တတိယပွဲငယ်မှာချန်ပီယံဖြစ်ခွင့်ရမဲ့ အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့ပါတယ်။ အခက်အခဲတွေနဲ့ ဘယ်လိုကြုံရပါစေ နောက်ဆုံးမှာ ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



## အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက ဘင်ဇီးမား၏နေရာတွင် အစားထိုးရန်အတွက် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူးမာနေးကို စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် ဆွေးနွေးနေကြောင်း သိရသည်။
- မန်ယူအသင်းက ပေါ်တိုဂိုးသမား ကော်စတာကို ပြောင်းရွှေ့ကြေး ယူရို ၇၅ သန်းဖြင့်ခေါ်ယူရန် ကနဦးကမ်းလှမ်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။
- ရိုးမားအသင်းက လိုင်ယွန်ကွင်းလယ်ကစားသမား ဟော့ဆမ်အာဝါကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူ၍ ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ML

# ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အင်တာမီလန်ကိုအနိုင်ရခဲ့သည့် မန်စီးတီးအသင်း ပထမဆုံးချန်ပီယံလိဂ်ဆုဖလားဆွတ်ခူး




**အစ္စတန်ဘူလ် ဇွန် ၁၁**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပခဲ့သည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်တွင် မန်စီးတီးအသင်းက အင်တာမီလန်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သဖြင့် ချန်ပီယံဆုဖလားရရှိခဲ့ပြီးနောက် ဘောလုံးရာသီတစ်ရာသီအတွင်း အဓိကဆုဖလားသုံးလုံးရရှိခဲ့သည့် ၁၀ ကြိမ်မြောက် ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က ဘောလုံးရာသီတစ်ရာသီအတွင်း အဓိကဆုဖလားသုံးလုံးရရှိခဲ့သည့် ကလပ်အသင်းများမှာ ၁၉၆၆-၁၉၆၇ ဘောလုံးရာသီတွင် ဆဲလ်တစ်အသင်း၊ ၁၉၇၁- ၁၉၇၂ ဘောလုံးရာသီတွင် အေဂျက်အသင်း၊ ၁၉၈၇-၁၉၈၈ ဘောလုံးရာသီတွင် ပီအက်စ်ဗွီအသင်း၊ ၁၉၉၈-၁၉၉၉ တွင် မန်ယူအသင်း၊ ၂၀၀၈-၂၀၀၉ တွင် ဘာစီလိုနာအသင်း၊ ၂၀၀၉-၂၀၁၀ တွင် အင်တာမီလန်အသင်း၊ ၂၀၁၂-၂၀၁၃ တွင် ဘိုင်ယန်မြူးနစ်အသင်း၊ ၂၀၁၄-၂၀၁၅ တွင် ဘာစီလိုနာအသင်း၊ ၂၀၁၉-၂၀၂၀ တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ၂၀၂၂-၂၀၂၃ တွင် မန်စီးတီးအသင်းတို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၉၉၉ ခုနှစ်က အက်ဖ်အေဖလား၊ ပရီးမီးယားလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ရယူနိုင်ခဲ့သည့် မန်ယူအသင်းနောက်တွင် ဒုတိယမြောက် အင်္ဂလန်ကလပ် အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် နှစ်သင်းစလုံးကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက ဦးဆောင်ဂိုးရရှိရေးအတွက် အပြန်အလှန် ဖိအားပေးမှုများရှိခဲ့ကာ မန်စီးတီးအသင်းက ဒီဘရိုင်းနှင့် ဟာလန်းတို့အတွဲ၏ ထိုးဖောက်မှုကြောင့် ဦးဆောင်ဂိုးရရှိရန် နီးစပ်ခဲ့သော်လည်း အိုနာနာ၏ကာကွယ်မှုကြောင့် ဂိုးမရခဲ့ဘဲ ပွဲကစားချိန် ၃၆ မိနစ်အရောက်တွင် ဒီဘရိုင်းအနေဖြင့် ဒဏ်ရာပြဿနာကြောင့် ဖိုဒင်နှင့် လူစားလဲခဲ့ရပြီးနောက် မန်စီးတီးအသင်းအနေဖြင့် တိုက်စစ်အားကျဆင်းသွားသော်လည်း ပွဲချိန် ၆၈ မိနစ်တွင် ရိုဒရီ၏သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သဖြင့် အင်တာမီလန်က ချေပဂိုးရရှိရန် တိုက်စစ်မြှင့်တင်ခဲ့ရာ ဒီမာကို၊ လူကာကူတို့၏ အပိုင်အခွင့်အရေးများကို ဂိုးသမား အန်ဒါဆန်ကကာကွယ်နိုင်ခဲ့သောကြောင့် တစ်ဂိုးဂိုးမရှိဖြင့် ပြီးဆုံးခဲ့ပြီး မန်စီးတီးအသင်းအနေဖြင့် ချန်ပီယံဆုဖလားရရှိခဲ့ကြောင်း သိရသည်။

ML

# လက်စတာကွင်းလယ်ကစားသမား တိုင်လီမန် အေဗီလာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိ

**လန်ဒန် ဇွန် ၁၁**

ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရသည့် လက်စတာအသင်းကွင်းလယ်ကစားသမား တိုင်လီမန်သည် အသင်းနှင့်စာချုပ်ကုန်ဆုံးချိန်တွင် သက်တမ်းတိုးရန် ငြင်းဆိုခဲ့ပြီး အေဗီလာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ တိုင်လီမန်သည် ၂၀၁၉ ခုနှစ်က မိုနာကိုအသင်းမှ လက်စတာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ပုံစံကောင်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၁၈၂ ပွဲတွင် သွင်းဂိုး ၂၅ ဂိုးထိ သွင်းယူ၍ ၂၀၂၀ ခုနှစ်တွင် အသင်းကို အက်ဖ်အေဖလားရရှိအောင် ၎င်း၏သွင်းဂိုးဖြင့် ပါဝင်ကူညီနိုင်ခဲ့သူဖြစ်သောကြောင့် အသင်းတာဝန်ရှိသူများက သက်တမ်းတိုးရန် အကြိမ်ကြိမ်ကမ်းလှမ်းခဲ့သော်လည်း ၎င်းကငြင်းပယ်ခဲ့ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့်သာ ထွက်ခွာရန်ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် လက်စတာအသင်းသည် ပရီးမီးယားလိဂ်မှတန်းဆင်းခဲ့ရသောကြောင့် တိုင်လီမန်ကို ဥရောပထိပ်သီးကလပ်အသင်းကြီးများခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ၎င်းအနေဖြင့် ပုံမှန်ပွဲကစားခွင့်ရရှိနိုင်မည့် အေဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး လာမည့် ဇူလိုင် ၁ ရက်တွင် အသင်းနှင့်ပူးပေါင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ML

# အာဆင်နယ်အသင်းက ဆာလီဘာကို လေးနှစ်သက်တမ်းတိုးနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာ

**လန်ဒန် ဇွန် ၁၁**

အာဆင်နယ် အသင်းသည် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ခံစစ်ကစားသမား ဆာလီဘာကို သက်တမ်းတိုးရန်ကမ်းလှမ်းခဲ့ရာ လေးနှစ်စာချုပ်ဖြင့် ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းသည် ဆာလီဘာနှင့် ယခုနှစ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကတည်းက တစ်နှစ်သက်တမ်းတိုးရန် ကစားသမားနှင့်သဘောတူညီမှုရရှိထားသောကြောင့် ဆာလီဘာအနေဖြင့် အသင်းတွင် ၂၀၂၄ ခုနှစ် ဇွန် ၃၀ ထိရှိမည်ဖြစ်သော်လည်း ၎င်း၏ခြေစွမ်းပိုင်းကောင်းမွန်မှုကြောင့် ဥရောပကလပ်အသင်းကြီးများ၏ ခေါ်ယူမှုမှ ကာကွယ်ရန် အာဆင်နယ်အသင်းက သက်တမ်းတိုးရန်ထပ်မံဆွေးနွေးခဲ့ပြီး ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းနှင့်စာချုပ်သစ်တွင် ဆာလီဘာသည် တစ်ပတ်လုပ်ခ စတာလင်ပေါင် ၂၀၀၀၀၀ ဝန်းကျင်ရရှိမည်ဖြစ်ကာ လာမည့်နာရီပိုင်းအတွင်း အပြီးသတ်လက်မှတ်ရေးထိုးမည်ဖြစ်သည်။

အသက် ၂၂ နှစ်ရှိ ဆာလီဘာသည် အာဆင်နယ်အသင်းသို့ ၂၀၁၉ ခုနှစ်က ရောက်ရှိခဲ့သော်လည်း စိန့်အက်တီယန်၊ နိုက်၊ မာဆေးအသင်းတို့တွင် အငှားစာချုပ်ဖြင့်ကျင်လည်ခဲ့ရပြီး ယခုနှစ်အသင်းနှင့် ပူးပေါင်းချိန်တွင် ပြိုင်ပွဲစုံ ၃၃ ပွဲပါဝင်၍ သွင်းဂိုးသုံးဂိုးထိသွင်းယူနိုင်ခဲ့ပြီး ထိပ်တန်းအဆင့်ခြေစွမ်းပြသ နိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ကာလရှည်သက်တမ်း တိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




ML

# AFC Futsal Asian Cup 2024 ပြိုင်ပွဲ ခြေစစ်ပွဲကစားမည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ပဏာမကစားသမားစာရင်းထုတ်ပြန်



**ရန်ကုန် ဇွန် ၁၁**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြ ချာရာဝမ်က AFC Futsal Asian Cup 2024 ပြိုင်ပွဲ ခြေစစ်ပွဲစဉ် ကစားရန်အတွက် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ပဏာမကစားသမား စာရင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နည်းပြ ချာရာဝမ်က မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ပဏာမ ကစားသမားစာရင်းကို ပြီးခဲ့သည့် MFF Fustal League ပြိုင်ပွဲနှင့် MFF Fustal League 2 ပြိုင်ပွဲတို့တွင် ခြေစွမ်းပြသနိုင်ခဲ့သည့်ကစားသမားများကို အခြေခံပြီး ပဏာမကစားသမားရွေးချယ်ခဲ့ခြင်းဖြစ်ကာ စခန်းသွင်းလေ့ကျင့်မှုများကို လာမည့် ဇွန် ၁၉ ရက်တွင် စတင်ပြုလုပ်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ပဏာမကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ကျော်ထက်အောင်၊ ဇွဲပြည့်စုံ၊ ညီညီသန့်၊ အောင်ကိုကို၊ ကစားသမားများအဖြစ် ရှိုင်းထက်အောင်၊ မင်းခန့်၊ လတ်ပိုင်ဇော်လန်း၊ ဝေဇင်ဦး၊ မျိုးမြင့်စိုး၊ ဇော်လင်းထက်၊ ပြည့်စုံအောင်၊ အောင်မြင့်မြတ်ဇော်၊ မျိုးသက်အောင်၊ ထွန်းဝေထွန်း၊ ငြိမ်းမင်းစိုး၊ ကိုကိုလွင်၊ ညီညီစိုး၊ ဟိန်းသာ၊ ထွန်းမင်းလှိုင်၊ ကိုရီဇာ၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်း၊ လှိုင်မင်းထွန်း၊ ဇော်ဖြိုးဦးနှင့် သက်နောင်တို့ပါဝင်ခဲ့ကြသည်။

AFC Futsal Asian Cup 2024 ပြိုင်ပွဲအုပ်စုမဲခွဲရန်အတွက် မဲအိုးသတ်မှတ်မှုတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် မဲအိုးနံပါတ်(၂)တွင် ကျရောက်နေပြီး မဲခွဲမှုကို လာမည့် ဇွန် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# RBC Canadian Open ပြိုင်ပွဲ အမှတ်ပေးဇယားကို ပန်ချန်ဆန် ဦးဆောင်

**အုတ်ဒယ် ဇွန် ၁၁**

ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ် အုတ်ဒယ်မြို့တွင် ကျင်းပနေသည့် RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် တရုတ်(တိုင်ပေ) ဂေါက်သီးရိုက်ကစားသမားပန်ချန်ဆန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Yahoo Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နာမည်ကြီး ကစားသမားများဖြစ်ကြသည့် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်း၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဂျက်စတင်ရို့စ်၊ ဖလက်ဝုဒ်တို့အပါအဝင် ပြိုင်ပွဲဝင်ခြောက်ဦးထိက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ပန်ချန်ဆန်အနေဖြင့် ပြိုင်ပွဲဝင်များအနက် စွမ်းဆောင်ရည်ပိုင်းအတည်ငြိမ်ဆုံးသော ကစားသမားအဖြစ် ရပ်တည်နေပြီး သုံးရက်ဆက်တိုက် လက်စွမ်းပိုင်းတည်ငြိမ်ခဲ့သည်။

ပန်ချန်ဆန်က "တတိယနေ့ပြီးတဲ့ထိ လက်စွမ်းပိုင်းတည်ငြိမ်နေခဲ့လို့ ကျွန်တော့်အနေနဲ့ အမှတ်ပေးဇယားထိပ်မှာရပ်တည်ထားနိုင်တာဖြစ်ပါတယ်။ လက်စွမ်းပိုင်းတည်ငြိမ်ခဲ့တယ်ဆိုပေမဲ့လဲ ပြင်ဆင်ရမဲ့အရာတွေရှိနေသေးသလို အားနည်းချက်တွေလဲ ရှိနေပါသေးတယ်။ ကျွန်တော့်အနေနဲ့ ဒီထက်ပိုပြီး လုပ်ပြနိုင်ဖို့ လိုအပ်နေပါသေးတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ နေရာလိုက်အကောင်းဆုံး ကစားသမား ၁၁ ဦးစာရင်း ထုတ်ပြန်




**ဇူးရစ် ဇွန် ၁၁**

ဥရောပဘောလုံးအဖွဲ့ချုပ်က ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ၏ နေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းကို ထုတ်ပြန်ခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် မန်စီးတီးအသင်းမှ ကစားသမား လေးဦးထိပါဝင်လာခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်က ချန်ပီယံလိဂ်ပြိုင်ပွဲ နေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းကို ၄-၃-၃ ပုံစံဖြင့်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဂိုးသမားနေရာတွင် မန်စီးတီးအသင်းနှင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ဂိုးသမားအန်ဒါဆန်ကိုကျော်ဖြတ်ပြီး အင်တာမီလန်အသင်းဂိုးသမား အိုနာနာပါဝင်လာခဲ့သည်။

အလားတူ ခံစစ်ကစားသမားလေးဦးနေရာမှ ဘယ်တောင်ပံခံစစ်နေရာတွင် မန်စီးတီးအသင်းမှ အာကန်ဂျီ၊ ဗဟိုခံစစ်ကစားသမားနှစ်ဦးနေရာတွင် အင်တာမီလန်အသင်းမှ ဘက်စတိုနီ၊ မန်စီးတီးအသင်းမှ ဒီယက်၊ ညာတောင်ပံခံစစ်နေရာတွင် နာပိုလီအသင်းမှ ဒီလိုရီဇို၊ ကွင်းလယ်ကစားသမားသုံးဦးနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ဗယ်ဗာဒီ၊ ဘင်ဖီကာအသင်းမှ ဂျာအိုမာရီအို၊ မန်စီးတီးအသင်းမှ ဒီဘရိုင်းတို့ပါဝင်လာခဲ့ကြသည်။

အလားတူ တိုက်စစ်ကစားသမားသုံးဦးနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်၊ လီဗာပူးအသင်းမှ ဆာလာဟ်တို့နှင့် အတူ သွင်းဂိုး ၁၂ ဂိုးဖြင့် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့သည့် မန်စီးတီးအသင်းမှ တိုက်စစ်မှူး ဟာလန်းတို့ပါဝင်လာခဲ့ကြကြောင်း သိရသည်။

STA

# ဂျာစီရင်ဘတ်စပွန်ဆာကြောင့် နယူးကာဆယ်အသင်းကို ပရီးမီးယားလိဂ်အဖွဲ့ချုပ် စုံစမ်းစစ်ဆေး

**လန်ဒန် ဇွန် ၁၁**

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က နယူးကာဆယ်အသင်းကို အသင်းရင်ဘတ်စပွန်ဆာ စာချုပ်ချုပ်ဆိုမှုနှင့်ပတ်သက်ပြီး စစ်ဆေးမှုများ ပြုလုပ်လျက်ရှိနေသည်ဟု Sky Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နယူးကာဆယ် အသင်းသည် အစောပိုင်းနှစ်များက ဂျာစီရင်ဘတ်စပွန်ဆာအဖြစ် လောင်းကစားကုမ္ပဏီတစ်ခုဖြစ်သည့် Fun88 နှင့် လက်တွဲခဲ့သော်လည်း ပရီးမီးယားလိဂ် အဖွဲ့ချုပ်က လောင်းကစားကုမ္ပဏီအမှတ်အသားတံဆိပ်များကို ဂျာစီတွင်အသုံးမပြုရန် တားမြစ်ခဲ့သည့်အတွက် ယခုနှစ်ဘောလုံးရာသီအကုန်တွင် Fun88နှင့်လမ်းခွဲခဲ့ခြင်းဖြစ်သည်။

ယခုအခါ နယူးကာဆယ် အသင်းက ဂျာစီရင်ဘတ်စပွန်ဆာသစ်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သည့် Sela နှင့် တစ်နှစ်သက်တမ်းရှိ ဂျာစီရင်ဘတ်စပွန်ဆာစာချုပ်ချုပ်ဆိုခဲ့သည့်အတွက် စစ်ဆေးခံနေရခြင်းဖြစ်သည်။

နယူးကာဆယ် အသင်းသည် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားရမည်ဖြစ်သည့်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လိုအပ်နေသည့် နေရာများတွင် ကစားသမားသစ်များ ခေါ်ယူအင်အား ဖြည့်တင်းရန်အတွက် Sela နှင့် တစ်နှစ်စပွန်ဆာတန်ကြေးစတာလင်ပေါင် ၂၅ သန်းဖြင့်ချုပ်ဆိုခဲ့ပြီး ပြောင်းရွှေ့ကြေးအသုံးစရိတ်ရှာဖွေခဲ့ခြင်းဖြစ်သည်။

သို့သော် Sela ကုမ္ပဏီသည် လက်ရှိ နယူးကာဆယ်အသင်းကို ပိုင်ဆိုင်သည့် Arabia Public Investment Fund က ပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်သည့်အတွက် ပရီးမီးယားလိဂ် အဖွဲ့ချုပ်၏ စည်းမျဉ်းများနှင့် ငြိစွန်းနေသောကြောင့် စုံစမ်းစစ်ဆေးခံနေရကြောင်း သိရသည်။

STA

# WBO ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို အမေရိကန်လက်ဝှေ့သမားတီအိုဖီမိုလိုပက်ဇ် ဆွတ်ခူး

**နယူးယောက် ဇွန် ၁၁**

WBO ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ စကော့တလန်လက်ဝှေ့သမား ဂျို့ရှ်တေလာနှင့် အမေရိကန်လက်ဝှေ့သမား တီအိုဖီမိုလိုပက်ဇ်တို့ ယနေ့တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ထိုးသတ်ခဲ့ရာ စိန်ခေါ်သူတီအိုဖီမိုလိုပက်ဇ်က ဒိုင်အမှတ်ဖြင့်အနိုင်ရရှိကာ WBO ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း Mirror သတင်းဌာနက ဖော်ပြခဲ့သည်။

လက်ရှိချန်ပီယံ ဂျို့ရှ်တေလာအတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဦးဆုံးသော ရှုံးပွဲဖြင့်ရင်ဆိုင်ခဲ့ရပြီး လက်ရှိချန်ပီယံဆုကိုလည်း စွန့်လွှတ်ခဲ့ရသည်။

တီအိုဖီမိုလိုပက်ဇ်နှင့် ဂျို့ရှ်တေလာတို့ပွဲစဉ်သည် အပြန်အလှန်ထိုးသတ်နိုင်ခဲ့သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး အမှတ်ပေးဒိုင်သုံးဦးရှိသည့်အနက် ဒိုင်နှစ်ဦးက (၁၁၅-၁၁၃)ရမှတ်ဖြင့်လည်းကောင်း၊ ကျန်ဒိုင်တစ်ဦးက (၁၁၇-၁၁၁)ရမှတ်ဖြင့်လည်းတီအိုဖီမိုလိုပက်ဇ်ကို အနိုင်ပေးခဲ့သည်။

ဂျို့ရှ်တေလာက "ကျွန်တော့်အနေနဲ့ဘာကြောင့်ရှုံးနိမ့်ခဲ့ရသလဲဆိုတာကို ဘာအကြောင်းပြချက်မှ ပေးမနေချင်ပါဘူး။ ကြိုးဝိုင်းအတွင်းမှာ ပိုကောင်းတဲ့သူကအနိုင်ရလိမ့်မယ်။ လိုပက်ဇ်ဟာ ကျွန်တော့်ထက်ပိုကောင်းခဲ့လို့ သူအနိုင်ရတာပါ။ လိုပက်ဇ်အတွက် ဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

တီအိုဖီမိုလိုပက်ဇ်က "ပထမဦးဆုံးပြောချင်တာကတော့ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကိုင်မြှောက်ခွင့်ရဖို့အတွက် ကျွန်တော် စောင့်မျှော်နေတာ ကြာပါပြီ။ ဝယ်သာဝိတ်တန်းရဲ့ အဆင့်(၁) ချန်ပီယံကြီးကိုအနိုင်ယူပြီး ချန်ပီယံဖြစ်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# စက်ဘီးစီးခြင်းနှင့် ကျန်းမာရေး

ပေါက်ပေါက်

ဘီးနှစ်ဘီးတပ် လူကိုယ်တိုင်တက်စီး၍ရသော ရွေ့လျားပစ္စည်းတစ်မျိုးကို ၁၈၁၇ ခုနှစ်တွင် ဂျာမနီနိုင်ငံက စတင်ဖန်တီးအသုံးပြုခဲ့ပြီး ထိုအချိန်က ၎င်းပစ္စည်းကို Daisine ဟုခေါ်ဆိုခဲ့ကြသည်။ ၁၈၆၀ ပြည့်နှစ်ရောက်သောအခါ ၎င်းပစ္စည်းပုံစံကို ပြင်သစ်နိုင်ငံတွင် အချောသပ်တပ်ဆင်ဖန်တီးပြီးနောက် Penny Farthing ဟုခေါ်ခဲ့ကြသည်။ ၁၉ ရာစုနှစ်ရောက်သောအခါမှသာ ကမ္ဘာသုံးစကားအဖြစ် Ordinary Bicycle ဟု ခေါ်ဆိုလာခဲ့ကြပြီး ထိုမှတစ်ဆင့် ခေတ်ကာလရွေ့လျားကာ "စက်ဘီး (Bicycle)" ဟု အမည်တွင်လာခဲ့သည်။

ရှေးယခင်က စက်ဘီးကို ငွေကြေးဖောဖောသီသီ မသုံးစွဲနိုင်သော လူတန်းစားတစ်ရပ်က သွားလာသယ်ယူပို့ဆောင်ရေး အပေါ့စား စက်တပ်ယာဉ်အဖြစ်သာ အသုံးများကြသည်။ ကာလတစ်ခု ကုန်ဆုံးပြီးနောက်တွင် စက်ဘီးကိုအသုံးပြုခြင်းက ယာဉ်လမ်းကြောင်းပိတ်ဆို့မှုကို အလွယ်တကူဖြေရှင်းနိုင်ခြင်း၊ သွားလာရေးကုန်ကျစရိတ်သက်သာခြင်း၊ လေထုညစ်ညမ်းမှု လျော့ကျစေကာ သဘာဝပတ်ဝန်းကျင်အတွက် အကျိုးရှိခြင်း၊ စက်ဘီးပုံမှန်စီးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ခံစားရရှိစေနိုင်ခြင်း စသည်ဖြင့်စက်ဘီး၏ ကောင်းကျိုးများစွာကို သိလာကြသည်။

**စက်ဘီးစီးခြင်းနှင့်ကျန်းမာရေး**

စက်ဘီးပုံမှန်စီးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အောက်ဖော်ပြပါ အကျိုးကျေးဇူးများစွာကို မလွဲမသွေ ခံစားရရှိနိုင်ပါမည်။

ကိုယ်အလေးချိန် ၁၅၅ ပေါင်ခန့်ရှိသူတစ်ဦး နေ့စဉ် နာရီဝက်ကြာမျှ ပုံမှန်အရှိန်နှုန်းထားဖြင့် စက်ဘီးစီးပါက ကယ်လိုရီ ၂၆၀ လောင်ကျွမ်းစေနိုင်ပြီး အကယ်၍ ပုံမှန်ထက်ပိုပြီး အရှိန်ပြင်းပြင်း အားစိုက်နင်းပါက ကယ်လိုရီပမာဏ ပိုမိုလောင်ကျွမ်းနိုင်သည်။

ခပ်ရှူရှူပြေးခြင်း သို့မဟုတ် သွက်သွက်လမ်းလျှောက်ခြင်းအပါအဝင် ဘောလုံးကန်ခြင်း စသော ကိုယ်လက်လှုပ်ရှား အားကစားများက မိမိခန္ဓာကိုယ်အလေးချိန်ပေါ် မူတည်ပြီး အဆစ်အမြက်များကို နာကျင်စေနိုင်သော်လည်း စက်ဘီးစီးခြင်းက အဆစ်အမြက်များကို ဖိအားလုံးဝမဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် စက်ဘီးစီးခြင်းက တင်ပါး၊ ခါး၊ ပေါင်၊ ဒူး၊ နောက်ကျော၊ ခြေချင်းဝတ်တို့ကိုတွန်းအားမပေးဘဲ ခန္ဓာကိုယ်အနှံ့ သွေးလည်ပတ်မှုညီညွတ်မျှတစေနိုင်သည်။ ထို့ပြင် ပုံမှန်ရှိ ကိုယ်အလေးချိန်ထက် အနည်းဆုံးပေါင် ၅၀ ခန့်ပိုနေသူများအတွက် စက်ဘီးစီးလေ့ကျင့်ခန်းက အထူးသင့်တော်ကြောင်း Cleveland Clinic က အကြံပြုထားသည်။

နေ့စဉ်မှန်မှန် စက်ဘီးကို အရှိန်ပြင်းပြင်းအားစိုက်စီးခြင်းက ခန္ဓာကိုယ်တွင်းရှိ ကောင်းသော HDL ကိုလက်စထရော မြင့်တက်စေပြီး မကောင်းသော LDL ကိုလက်စထရောကို လျှော့ချပေးနိုင်သည်။

နေ့စဉ် စက်ဘီးစီးခြင်းက နှလုံးညှစ်အားကို ပိုမိုကောင်းမွန်စေ၍ နှလုံးရောဂါဖြစ်နိုင်ခြေ အလားအလာကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း၊ ရက်သတ္တတစ်ပတ်လျှင် မိုင် ၂၀ စက်ဘီးစီးခြင်းဖြင့် နှလုံးနှင့် နှလုံးသွေးကြောများကို ကျန်းမာစေကြောင်း အမေရိကန်နိုင်ငံရှိ Purdue University က အကြံပြုထားသည်။ Mayo Clinic ကလည်း စက်ဘီးစီးလေ့ကျင့်ခန်းကို မကြာခဏပြုလုပ်ပေးခြင်းက အထူးတလည် အားမစိုက်ရဘဲ နှလုံးညှစ်အားကို ကောင်းစေသည်ဟုဆိုသည်။ ထို့ပြင် နှလုံးသွေးညှစ်နိုင်စွမ်းကို မြင့်တက်ကောင်းမွန်စေကာ သွေးကြောများပိတ်ဆို့ခြင်းမှ ကင်းဝေးစေသဖြင့် နှလုံးကိုလွန်စွာကောင်းကျိုးပြုကြောင်း ထပ်လောင်းအကြံပြုထားသည်။

စက်ဘီးစီးလေ့ကျင့်ခန်းက သွေးပေါင်တက်နေသူများကို သွေးပေါင်ကျစေပြီး သွေးတွင်းသကြားဓာတ်ပမာဏကိုလည်း ထိန်းချုပ်ပေးနိုင်သည်။

Stanford University က ပြုလုပ်သော သုတေသနပြုလေ့လာချက်တစ်ခုအရ ကိုယ်လက်လှုပ်ရှားမှုနည်း၍ အိပ်မပျော်တတ်သူများ တစ်နေ့လျှင် မိနစ် ၂၀ မှ မိနစ် ၃၀ ထိ စက်ဘီးစီးခြင်းဖြင့် ဟော်မုန်းညီညွတ်မျှတသွားကာ အိပ်ချိန်ပိုလာနိုင်ကြောင်း လေ့လာသိရသည်။

နံနက်စောစော သို့မဟုတ် ညနေခင်း အညောင်းအညာပြေ စက်ဘီးစီးခြင်းက ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ရာရောက်သည်။ ထို့ပြင် သွေးလေလည်ပတ်မှုကောင်းကာ ခန္ဓာကိုယ်၏ဆဲလ်များသို့ အောက်ဆီဂျင်ရောက်ရှိသဖြင့် ကော်လာဂျင်ဓာတ်ကို



ကောင်းစွာတည်ဆောက်နိုင်ပြီး အဆိပ်အတောက်များပြေစေ၍ အရွယ်တင်နုပျိုစေသည်။

စက်ဘီးစီးခြင်းကလည်း အေရိုးဗစ်ကစားသကဲ့သို့ အူမကြီးကို ကောင်းစွာလှုပ်ရှားစေသည့်အပြင် အူသိမ်အတွင်း ကြွက်သားများ ညှစ်အားကောင်းလာစေပြီး ဝမ်းမှန်စေကြောင်း၊ အူကင်ဆာဖြစ်ခြင်းမှလည်း ကာကွယ်ထားနိုင်ကြောင်း Bristol University မှ ကျန်းမာရေးသုတေသီများကဆိုသည်။

စက်ဘီးပုံမှန်စီးခြင်းက ဦးနှောက်တွင်း Hippocampus အစိတ်အပိုင်းရှိ ဆဲလ်သစ်များတည်ဆောက်ခြင်းကိုအားပေးသည့်အပြင် ဦးနှောက်သားအတွင်း သွေးနှင့်အောက်ဆီဂျင် တိုးမြှင့်လှည့်လည်နိုင်၍ ဦးနှောက်စွမ်းအား ကောင်းစေကြောင်း၊ Alzheimer ခေါ် ဦးနှောက်ဇရာကြိုရောဂါဖြစ်သူများလည်း စက်ဘီးစီးလေ့ကျင့်ခန်းပြုလုပ်သင့်ကြောင်း အမေရိကန်နိုင်ငံရှိ The University of Illinois မှ ကျန်းမာရေးသုတေသီများက အကြံပြုထားသည်။

ရက်သတ္တပတ်တွင် ငါးရက်နှုန်းဖြင့် တစ်ရက်လျှင် မိနစ် ၃၀ စက်ဘီးစီးခြင်းက ကိုယ်ခံအားကောင်းစေသောဆဲလ်များကို လှုံ့ဆော်ပေးကာ ကျန်းမာကြံ့ခိုင်စေသဖြင့် ပန်းသီးစားသကဲ့သို့ အာနိသင်ဖြစ်စေကြောင်းနှင့် အပေါ့စား ရာသီဖျားနာဖြစ်ခြင်းများမှလည်း ကြိုတင်ကာကွယ်ရာရောက်ကြောင်း The University of North Carolina မှ သုတေသီများက အကြံပြုထားသည်။

Harvard University မှ လေ့လာတွေ့ရှိချက်အရ ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး သုံးနာရီကြာ စက်ဘီးစီးသော အသက် ၅၀ အထက် အမျိုးသားများသည် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း အနည်းငယ်မျှသာ လုပ်လေ့ရှိသောသူများထက် ၃၀ ရာခိုင်နှုန်းခန့် ဖို၊မ ကိစ္စ ပိုမိုစွမ်းဆောင်နိုင်ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများ စက်ဘီးစီးလေ့ကျင့်ခန်းကို ခပ်ဖြည်းဖြည်းမှန်မှန် ပြုလုပ်ပေးခြင်းက မီးဖွားရလွယ်ကူသည့်အပြင် ကလေးမွေးဖွားပြီးနောက် အဝလွန်ခြင်းမှလည်း ၅၀ ရာခိုင်နှုန်းခန့် ကြိုတင်ကာကွယ်ရာရောက်ကြောင်းနှင့် အသက်ကြီးရင့်ပြီးနောက် သွေးဆုံးခြင်းကိုလည်း နှောင့်နှေးစေကြောင်း အမေရိကန်ရှိ Michigan University မှ ဆိုသည်။ ထိုအဆိုကို The Royal College of Obstetricians and Gynaecologists ဟု အမည်ရသော အဝလွန်ရောဂါဆိုင်ရာ ကောလိပ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးကလည်း အတည်ပြုထောက်ခံထားကြောင်း သိရသည်။

နေ့စဉ်မှန်မှန် မိနစ် ၃၀ စက်ဘီးစီးလေ့ရှိသော အမျိုးသမီးများကို ကာလအတန်ကြာလေ့လာစောင့်ကြည့်ခဲ့ရာ ရင်သားကင်ဆာဖြစ်နိုင်ခြေအလားအလာ ၃၄ ရာခိုင်နှုန်းထိ ကျဆင်းသွားကြောင်း သိရသည်။

စက်ဘီးစီးခြင်းသည် လုပ်သင့်သော အားကစားနည်းဖြစ်သည်။ အထူးသဖြင့် အဝလွန်သူများအတွက် အလွန်သင့်တော်သည်။ ပုံမှန်စက်ဘီးစီးခြင်းက ခါးအောက်ပိုင်းမှစ၍ အဆီကျအသားကျစ်လျစ်စေသဖြင့် GYM ကစားခြင်း၊ Weight ချခြင်း နည်းစနစ်များတွင် စက်ဘီးစီးလေ့ကျင့်ခန်းကိုလည်း မဖြစ်မနေ ကစားပေးရခြင်းဖြစ်သည်။

စက်ဘီးပေါ်တွင် ခါးကိုမတ်မတ်ထိုင်စီးခြင်းက Skeleton နှင့် နာဗ့်ကြောများကို ကောင်းစွာအလုပ်လုပ်စေသဖြင့် ခါးနာဝေဒနာကို အထောက်အကူပြုပေးနိုင်သလို စက်ဘီးစီးခြင်းက ပေါင်အောက်ပိုင်းရှိ အရိုးဆက်များ၊ အကြောများကို မှန်မှန်အလုပ်လုပ်ပေးရသဖြင့် ဒူးနာကို သက်သာစေသည်။

စိတ်ကျရောဂါဖြစ်သူများ၊ စိတ်သောကရောက်သူများ၊ စိတ်ဖိစီးမှုများသူနှင့် စိတ်ပင်ပန်းနွမ်းနယ်သူများ စက်ဘီးမကြာမကြာစီးပါ။ ခဏအတွင်းမှာပင် စိတ်ပေါ့ပါးလန်းဆန်းစေနိုင်သည်။

လန်ဒန်ရှိ King's College မှ ပညာရှင်များသည် "လုံးဝဥသုံတူညီတဲ့ အမြွာတွေ" အုပ်စုတွဲများတွင် မည်သူကပို၍ကျန်းမာကြံ့ခိုင်ကြောင်း သိရှိနိုင်ရန် အမြွာပေါင်း ၂၄၀၀ ကျော်ကို သုတေသနပြုခဲ့ရာ ရက်သတ္တတစ်ပတ်လျှင် သုံးရက်နှုန်းဖြင့် တစ်ရက်လျှင် ၄၅ မိနစ်ခန့် စက်ဘီးစီးသူက "ဇီဝဖြစ်စဉ်" ပိုမိုအားကောင်းကာ ကိုးနှစ်ခန့် အသက်ရှည်ရှည် ပိုနေနိုင်ကြောင်း တွေ့ရသည်။

မိမိချစ်ခင်ရသူများ၊ မိသားစုဝင်များ၊ မိတ်ဆွေအပေါင်းအသင်းများဖြင့်စုပေါင်း၍ စက်ဘီးစီးခြင်းက အပြန်အလှန် ချစ်ခင်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေသည်။ ယနေ့ခေတ်စနစ်အရ အွန်လိုင်းပေါ်တွင်သာ အချိန်ကုန်နေတတ်သော ကလေးများနှင့် ဆယ်ကျော်သက်များကို မိသားစုနှင့်အတူ နေ့စဉ်မှန်မှန် စက်ဘီးစီးသော အလေ့အကျင့်ကောင်းကို ပြုစုပျိုးထောင်ပေးသင့်သည်။

**စက်ဘီးစီးခြင်းနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

မီးခိုးမထွက်သော အသေးစားယာဉ်အမျိုးအစားဖြစ်သည့်စက်ဘီးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်သကဲ့သို့ အသုံးပြုသူ တစ်ဦးချင်းစီအတွက် ကိုယ်လက်ကြံ့ခိုင်ရေးကိုလည်း အထောက်အပံ့ပေးနိုင်သည်မှာ အမှန်ပင်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးပြီး နိုင်ငံကြီးများ၌ပင် ကိုယ်ပိုင်ကားရှိသော်လည်း ကျန်းမာရေးအတွက် စက်ဘီးစီးအသုံးပြုကြသောသူများလည်း ရှိလာကြကြောင်း သိရသည်။ အသေးစားယာဉ်များ အသုံးပြုမှုကို နိုင်ငံအလိုက်လေ့လာကြည့်ရာ တရုတ်နိုင်ငံတွင် ၈၆ ရာခိုင်နှုန်း၊ အီတလီနိုင်ငံတွင် ၈၁ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၆၀ ရာခိုင်နှုန်း၊ ဗြိတိန်နိုင်ငံတွင် ၅၅ ရာခိုင်နှုန်းထိရှိကြောင်း သုတေသနများ၌ ဖော်ပြထားသည်။ သုတေသနတွင်မပါသည့် အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင်လည်း အသေးစားယာဉ်အသုံးပြုမှုအလွန်များသည်။

စာရေးသူတို့ မန္တလေးမြို့သည်လည်း တစ်ခေတ်တစ်ခါက စက်ဘီးမြို့တော်ဟု လူသိများသည်။ မျက်မှောက်ကာလတွင်လည်း အထက်အညာဒေသ၌ စက်ဘီးစီးခြင်းက တွင်ကျယ်လျက်ရှိဆဲဖြစ်သည်။ ယခင်က စက်ဘီးသုံးစွဲမှု မတွင်ကျယ်သေးသော ရန်ကုန်မြို့တော်တွင်ပင် ကိုဗစ်-၁၉ ကာလအတွင်း စက်ဘီးကိုအသုံးပြု၍ အစားအစာဝန်ဆောင်မှု ပို့ဆောင်ရေးလုပ်ငန်းများ အလုပ်ဖြစ်နေကြသည်။

**ပြင်သစ်နိုင်ငံတွင် စက်ဘီးသုံးစွဲမှုမြှင့်တင်ရေးစတင်**

ပြင်သစ်နိုင်ငံသည် ပြည်သူများ စက်ဘီးသုံးစွဲမှုမြှင့်တင်ရေးအတွက် ယူရိုငွေနှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ) သုံးစွဲရန် စီစဉ်ထားကြောင်း အစိုးရတာဝန်ရှိသူများက မေ ၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ပြည်သူများ ကားသုံးစွဲမှုကိုလျှော့ချ၍ စက်ဘီးသုံးစွဲမှုမြှင့်တင်နိုင်ရေးအတွက် ယူရိုငွေနှစ်ဘီလီယံသုံးစွဲပြီး သီးသန့်စက်ဘီးစီးလမ်းကြောင်းများ တည်ဆောက်ပေးရန် ပြင်သစ်အစိုးရကစီစဉ်ထားသည်။ ပြင်သစ်အစိုးရအနေဖြင့် သီးသန့်စက်ဘီးလမ်းကြောင်းသစ်များ ဖန်တီးပေးရေးအတွက် ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်ကြားကာလအတွင်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၂၅၀ ထိ သုံးစွဲသွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးက တွစ်တာစာမျက်နှာပေါ်၌ ရေးသားထားသည်။ ၂၀၂၇ ခုနှစ်တွင် ပြင်သစ်နိုင်ငံ တစ်နိုင်ငံလုံးရှိ သီးသန့်စက်ဘီးလမ်းကွန်ရက်ကို အရှည်ကီလိုမီတာ ၈၀၀၀၀ ထိ ချဲ့ထွင်ရန်နှင့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကီလိုမီတာ ၁၀၀၀၀၀ ထိ ချဲ့ထွင်ရန် ပြင်သစ်အစိုးရက စီစဉ်ထားသည်။ အထက်ပါစီမံကိန်းအတွက် သုံးစွဲမည့် ယူရိုငွေနှစ်ဘီလီယံအနက် ယူရိုသန်း ၅၀၀ ခန့်ကို ပြည်သူများ စက်ဘီးဝယ်ယူနိုင်ရေးအတွက် ထုတ်နုတ်သုံးစွဲရန် စီစဉ်ထားသည်။ ပြင်သစ်အစိုးရအနေဖြင့် မော်တော်ယာဉ်များနေရာတွင် လူတိုင်းအသုံးပြုနိုင်မည့် သယ်ယူပို့ဆောင်ရေးယာဉ်တစ်မျိုးအဖြစ် စက်ဘီးကို ကျယ်ကျယ်ပြန့်ပြန့် အစားထိုးအသုံးပြုရန် ဆန္ဒရှိနေသည်။

အချုပ်အားဖြင့်ဆိုသော် စက်ဘီးစီးခြင်းက ဘက်စုံကျန်းမာရေးအတွက် အထောက်အကူပြုကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကောင်းကျိုးရှိသည်။ မန္တလေးမြို့သည် စက်ဘီးမြို့တော်ကြီးအဖြစ် ထင်ရှားခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံတွင်လည်း ပြင်သစ်နိုင်ငံကဲ့သို့ စက်ဘီးစီးခြင်းနှင့် ကျန်းမာရေးအတွက် သင့်လျော်သည့်စီမံကိန်းရေးဆွဲပြီး စနစ်တကျလုပ်နိုင်လျှင် ပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# အများအကျိုးဆောင်ကိုဖိုးအောင် ဇာတ်ကားကို Sky Net၊ ကြယ်တံခွန် You Tube Channel၊ NHN Application မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဇွန် ၁၁**

အများအကျိုးဆောင် ကိုဖိုးအောင် ဇာတ်ကားကို Sky Net ရုပ်သံလိုင်း၊ ကြယ်တံခွန် You Tube Channel၊ NHN Application မှ ဇွန် ၂၀ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို စီစဉ်ထုတ်လုပ်သူ သရုပ်ဆောင် နေထူးနိုင်က ပြောပြခဲ့ သိရသည်။

အများအကျိုးဆောင် ကိုဖိုးအောင် ဇာတ်ကားသည် တစ်ပိုင်းတည်းအပြီး ဇာတ်ကားဖြစ်သော်လည်း ဆက်စပ်ကြည့်ရှုနိုင်သည့် ဇာတ်လမ်းများလည်း ရိုက်ကူးတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးကိုတော့ ကျွန်တော့်ရဲ့ကိုယ်ပိုင် You Tube Channel ဖြစ်တဲ့ ကြယ်တံခွန် You Tube Channel ကနေ ဇွန် ၂၀ ရက်မှာ ထုတ်လွှင့်သွားမဲ့အပြင် Sky Net ရုပ်သံလိုင်းကလဲ ဇွန်လကုန်လောက်မှာ ထုတ်လွှင့်သွားမှာပါ။ ဒီဇာတ်ကားမှာတော့ အများအကျိုးဆောင်ဆိုတဲ့အတိုင်း မြို့ကနေမော်ထဲကိုသွားတဲ့ လမ်းခုလတ်ရွာလေးတစ်ရွာက လူအများကို အကူအညီပေးတတ်တဲ့ ကိုဖိုးအောင်ဆိုတဲ့ လူတစ်ယောက်အကြောင်းကို ရိုက်ကူးထားပါတယ်။ ကိုဖိုးအောင်ကူညီစောင့်ရှောက်ထားတဲ့ သူတွေကပဲ ကိုဖိုးအောင်ကို ကျေးဇူးကန်းစော်ကားသွားတဲ့ ဖြစ်လေဖြစ်ထရှိတဲ့ လူတွေရဲ့စိတ်သဘောကို ဒီဇာတ်ကားလေးမှာမြင်ရမှာပါ"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

အဆိုပါ အများအကျိုးဆောင် ကိုဖိုးအောင် ဇာတ်ကားကို ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဇော်ထွန်းက တာဝန်ယူရိုက်ကူးခဲ့ပြီး သရုပ်ဆောင် နေထူးနိုင်၊ နေထက်နိုင်၊ ရဝိန်၊ နန်းထက်ထက်အောင်၊ မင်းဇော်လေး၊ ရန်လင်းအောင်၊ တင့်နိုင်ဝင်း၊ ထက်နိုင်ဦး၊ အောင်ကျော်မိုး စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Leprechaun ဇာတ်ကားများကို ဆက်လက်ရိုက်ကူးထုတ်လုပ်မည်

**နယူးယောက် ဇွန် ၁၁**

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် Leprechaun ထိတ်လန့်သည်းဖိုဟာသဇာတ်ကားများကို ဆက်လက် ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း Hollywood Reporte သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် ၁၉၉၃ ခုနှစ်မှစ၍ ၂၀၁၈ ခုနှစ်ထိ Leprechaun ဇာတ်ကားပေါင်း ရှစ်ကားထိ ရိုက်ကူးထုတ်လုပ်ခဲ့ပြီးဖြစ်သည်။

လက်ရှိအချိန်တွင်လည်း Lionsgate ရုပ်ရှင်ကုမ္ပဏီသည် Leprechaun ဇာတ်ကားတစ်ကားကို ရိုက်ကူးထုတ်လုပ်ရေးအတွက် စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း၊ Leprechaun-9 ဇာတ်ကားကို ဒါရိုက်တာ ဖီးလစ်ဘားဝတ်က တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း Lionsgate ရုပ်ရှင်ကုမ္ပဏီမှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

Leprechaun-9 ဇာတ်ကား၌ ယခင် Leprechaun ဇာတ်ကားများ၌ အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သော ဝေါဝစ် ဒေးဗစ် ပြန်လည်ပါဝင်နိုင်ဖွယ်မရှိကြောင်း၊ လက်ရှိတွင် အဆိုပါ ဇာတ်ကား စတင်ရိုက်ကူးမည့်အချိန်နှင့် အဓိကသရုပ်ဆောင်များစာရင်းကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။ KKO




# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ မျက်နှာဖုံးမော်ဒန်ပန်းပုရုပ်များ ဝင်ရောက်လာ

**ပဲခူး ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ မလေးရှားပိတောက်သားဖြင့် ထုလုပ်ထားသော မျက်နှာဖုံးမော်ဒန်ပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ပဲခူးမြို့ ရွှေမော်ဓောစေတီအနီးရှိ သီရိရတနာအောင် အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်း ဒါရိုက်တာ ဒေါ်သီရိရတနာအောင်က ပြောပြခဲ့ သိရသည်။

အဆိုပါ ပန်းပုရုပ်များသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဒါးပိန်ပန်းပုရွာမှ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ပန်းပုရုပ်အရေအတွက် ၃၀ ခန့် ဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"အခု ဈေးကွက်ထဲဝင်လာတဲ့ မျက်နှာဖုံးမော်ဒန်ပန်းပုရုပ်လေးတွေကတော့ အနောက်တိုင်းလက်ရာဟန် တီထွင်ဆန်းသစ်ထားတဲ့ ပန်းပုလက်ရာသစ်တွေဖြစ်ပါတယ်။ အမြင်ဆန်းပြီး လက်ရာတွေလဲ သေသပ်တဲ့အတွက် ရုံးခန်း၊ ဟိုတယ်နဲ့ နေအိမ်ဧည့်ခန်းတွေမှာ အလှထားဖို့ ဝယ်ယူကြတာများပါတယ်"ဟု သီရိရတနာအောင်က ပြောပြသည်။



လက်ရှိကာလသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရီးသွားဇုန်သို့ ပြည်ပမှလာရောက်လည်ပတ်လျက်ရှိသည့်အတွက် အဆိုပါ ပန်းပုရုပ်များမှာ အခြားပန်းပုရုပ်များထက် ပိုမိုရောင်းချရကြောင်း သိရသည်။

အဆိုပါ အလျားခြောက်လက်မ၊ အမြင့် ၁၃ လက်မရှိ မလေးရှားပိတောက်သားဖြင့် ထုလုပ်ထားသော မျက်နှာဖုံးမော်ဒန်ပန်းပုရုပ် တစ်ရုပ်လျှင် ငွေကျပ် ၆၅၀၀၀ ခန့်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ လက်တလောတွင် ပန်းပုရုပ် ၁၀ ရုပ်ခန့် ရောင်းချထားကြောင်း သိရသည်။ ASH

# Jeanne du Barry ဇာတ်ကား မြောက်အမေရိကရုပ်ရှင်ဈေးကွက်၌ ပြသခွင့်ရရှိ

**နယူးယောက် ဇွန် ၁၁**


မင်းသား ဂျွန်နီဒပ် ပါဝင်သရုပ်ဆောင်ထားသည့် Jeanne du Barry ဇာတ်ကားသည် မြောက်အမေရိက ရုပ်ရှင်ဈေးကွက်၌ ဖြန့်ချိပြသခွင့်ရရှိထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

ပြင်သစ်နိုင်ငံ၌ ကျင်းပခဲ့သည့် ကန်းစ်ရုပ်ရှင်ပွဲတော်အတွင်း ပရိသတ်များ၏ အထူးလိုက်လှဲစွာဂုဏ်ပြုမှုရရှိခဲ့ပြီးနောက် Jeanne du Barry ဇာတ်ကားကို မြောက်အမေရိကဈေးကွက်တွင် ရုံတင်ပြသရန် စီစဉ်ထားခြင်းဖြစ်သည်။

Jeanne du Barry ဇာတ်ကားကို Vertical ရုပ်ရှင်ကုမ္ပဏီက မြောက်အမေရိကဈေးကွက်၌ ဖြန့်ချိပြသခွင့်ရထားသည်။

အဆိုပါဇာတ်ကားသည် ၂၀၂၂ ခုနှစ်အတွင်း ဇနီးဟောင်းနှင့်ဖြစ်ပွားခဲ့သည့် အသရေဖျက်မှု၌ အနိုင်ရခဲ့ပြီးနောက် မင်းသား ဂျွန်နီဒပ် ပထမဆုံး ပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားဖြစ်သည်။

Jeanne du Barry သည် ပြင်သစ်ဘုရင် လူဝီ-၁၅ ၏တရားဝင်အငယ်အနှောင်း မဒမ်ဒူဘာရီ၏ဘဝကို အခြေခံရိုက်ကူးထားသော သမိုင်းနောက်ခံဒရာမာ ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားတွင် မင်းသား ဂျွန်နီဒပ်က ပြင်သစ်ဘုရင် လူဝီ-၁၅ အဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။ KKO







# ရှမ်းကိုးမီး ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်

**ရန်ကုန် ဇွန် ၁၁**

ဒါရိုက်တာ ညီမင်းလွင်ရိုက်ကူးထုတ်လုပ်မည့် ရှမ်းကိုးမီး ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လအတွင်း ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ညီမင်းလွင်က ပြောပြခဲ့ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ညီမင်းလွင်၏ ကိုယ်ပိုင် ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်သွားမည်ဖြစ်ပြီး ဝတ္ထုဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ညီမင်းလွင်က ဆောင်ရွက်သွားမည်ဖြစ်ကာ သရုပ်ဆောင်အသစ်များနှင့် ဝါရင့်သရုပ်ဆောင်များကို အချိုးညီညီပေါင်းစပ်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ဖဲဝိုင်းအကြောင်းနဲ့ပတ်သက်ပြီး အလွန်အကြူးမပြသပါဘူး။ လောင်းကစားကြောင့် ဘဝပျက်တတ်တဲ့သင်ခန်းစာပေးမှာပါ။ ကျွန်တော်သိသလောက်က ဆင်ဆာက ဖဲဝိုင်းတော့ ရိုက်ကူးခွင့်ပေးထားပါတယ်။ ဒီဇာတ်ကားကို လာမဲ့ဇူလိုင်လဆန်းမှာ စတင်ပြီး တစ်လလောက် ရိုက်ကူးသွားမှာပါ"ဟု ဒါရိုက်တာ ညီမင်းလွင်က ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားအတွက် သရုပ်ဆောင်အလုပ်ကို အမှန်တကယ်ဝါသနာပါပြီး ဖဲကိုကျွမ်းကျင်စွာရိုက်တတ်သူ အသက် ၂၀ မှ ၃၀ ကြား အမျိုးသားသရုပ်ဆောင် လေးဦး၊ အမျိုးသမီးသရုပ်ဆောင် သုံးဦးကို ခေါ်ယူကာ ဇာတ်ကားမှာ ထည့်သွင်းရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Plans underway to build more than 1,000 miles long roads and more than 1,000 bridges across the nation in 2023-24 FY


A newly built road.

**Nay Pyi Taw June 11**

The Ministry of Cooperatives and Rural Development on 9 June stated that the ministry plans to construct more than 1,000 miles long roads and more than 1,000 bridges across the nation in 2023-24 financial year.

The Rural Road Development Department is focusing on construction of roads under the strategic plan for ensuring use of all roads in all seasons in 2030.

Hence, rural roads and bridges are being upgraded to the all season-used facilities for transport of agricultural and livestock products in a smooth manner all the year round.

In so doing, the department could build 1,259 miles long rural roads and 1,194 bridges in 2022-23 financial year. Moreover, plans are underway to build 1,086 miles long rural roads and 1,023 rural bridges in 2023-24 financial year.

These facilities will be built with the region and state funds and the Union government budget.

In this regard, the Union budget will be spent on construction of 186 miles long rural roads and 140 bridges and region and state funds on 900 miles long rural roads and 883 bridges.

Moreover, plans are being promptly implemented to repair rural roads and bridges in Mocha-hit Rakhine and Chin states. 336

# More than US$240 million income earned in export of pulses and beans till end of May in 2023-24 FY


**Nay Pyi Taw June 11**

The Ministry of Commerce stated that more than US$240 million was earned from export of pulses and beans in 2023-24 financial year, most of which were black bean, green gram and pigeon pea.

Apart from paddy, the sown acreage of pulses and beans is the largest across the nation, accounting for 33 per cent of agricultural produce.

Some 20 per cent of cultivable lands are under pulses and beans such as black bean, green gram, pigeon pea, chickpea, kidney bean, butter bean, white-eyed rice, gram, soya bean, cow bean and others.

During the period from April to May in 2023-24 financial year, export of pulses and beans earned US$240.87 million—US$212.505 million from shipping and US$28.365 million from land borders.


Various beans and pulses for sale at a market.

For the time being, black bean earned US$81.141 million in shipping and $0.852 million from land border, green gram US$68.088 million from shipping and US$8.551 million from land border. Pigeon pea bagged US$32.076 million from export through maritime trade route but no one income in land border.

During the period, other beans and pulses were sold through shipping to the customer countries. 336

# White mustard from southern and northern Shan State marketable

**Mandalay June 11**

White mustard from southern and northern Shan State flows int Thiri Malar green grocery in Aungmyethazan District of Mandalay and the vegetable is marketable, according to the brokerages from the market.

Currently, about six truckloads of white mustard from Shan State arrive at Thiri Malar green grocery market in Mandalay on a daily basis. Now, white mustard is traded at K20,000 to K50,000 per 20-viss bag, said U Aung Moe Naing, owner of Aung Brokerage in Mandalay.

"Now, white mustard comes from southern and northern Shan State, getting good prices in the Mandalay market. Number of growers for white mustard is lesser. Five of six truckloads of white mustard arrive at the market daily. Such kind of vegetable cannot come from other regions. Now, white mustard is marketable as a favorite vegetable of local consumers," he added.

In addition to white mustard, potato, cucumber, tomato, cabbage, chilli, beans, eggplant, cauliflower and others are also marketable in Mandalay getting good prices. These vegetables are also flowing into Mandalay by trucks.

185

# Donald Trump still headline act for Republicans, despite charges

**Washington June 11**

Former US President Donald Trump appeared defiant at two Republican Party conventions on Saturday, a day after he was charged with mishandling classified documents.

Mr Trump - who is running to be the Republican candidate for president in 2024 - claimed that he was being pursued in federal court because of his re-election hopes.

But at the North Carolina Republican Party convention, he didn't look like a man under severe legal stress.

Hundreds of people stood up to welcome their former president as he walked onto the stage, happily soaking in the adulation. He was the main event, after a three-course meal.

There was salad to start, steak for the main and ice-cream with strawberries for dessert - washed down with jugs of coke.

It was just a day after an indictment was unsealed revealing federal charges against Mr Trump, accusing him of mishandling classified documents including nuclear secrets.

But Mr Trump - who denies wrongdoing - was characteristically combative. He suggested nothing will stop him on his quest for the presidency. Not even, reportedly, jail.

BBC

# Exclusive: India rail crash probe focuses on manual bypass of track signal

**New Delhi June 11**

An official probe into India's rail crash is focusing on suspected manual bypassing of an automated signalling system that guides train movement - an action investigators believe sent a packed express train into a stationary freight train, three Indian Railways sources told Reuters.

The Commission of Railway Safety (CRS) investigators suspect the bypass was done by railway workers to get around signalling hurdles that arose from a malfunctioning barrier used to stop road traffic at a nearby rail-road intersection, two of the three sources said.

The sources did not want to be identified as they are not authorised to speak to the media.

The June 2 crash at Bahanaga Bazar station, in the Balasore district of the eastern Indian state of Odisha, killed at least 288 people and injured more than 1,000. It was India's worst rail crash in two decades.

Indian and international media have previously reported that a possible malfunction in the automated signalling system may have led to the crash. Reuters


A drone view shows derailed coaches after trains collided in Balasore district in the eastern state of Odisha, India, June 3, 2023.

# Union National Race Village in Yangon to have upgrade in 2023-24 FY



The archway of National Races Village in Yangon.

**Yangon June 11**

The Ministry of Ethnic Affairs stated that a plan is underway to upgrade the Union National Race Village (Yangon) in 2023-24 financial year.

The village located near Thanlyin Bridge on Shukhintha Road in Thakayta Township of Yangon Region is shaped with landmarks of the Union in addition to culture and customs of ethnic people. Everybody can visit the village as well as take relaxation.

Visitors can observe steamed locomotives and ships and enjoy beautiful scenes of mangrove forest and that of Bago River. Ethnic people present their traditional dances and songs to the visitors every Sunday. Moreover, ethnic literature and culture troupes invite magicians and puppet professionals to present their performance to the people once a month. Moreover, the village has been facilitated with a jetty to admit visitors through waterway.

The Ethnic Literature and Culture Department under the Ministry of Ethnic Affairs will spend the Union budget on upgrading the Union National Race Village (Yangon) in 2023-24 financial year.

In this regard, the department decided to repair the circular road of the deer park and side walk to the bamboo forest, install the water fountain and dredge the sandbank near the jetty of the village. Hence, the department will invite open tender to Myanmar citizen entrepreneurs for implementing these projects this financial year.

Tender proposals are sold at the village as from 12 June and these must be submitted to the department not later than 27 June. For further information, dial 09-43152584, 09-5123413, 067-3409311 and 067-3409317. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Homegrown tourists pay visits to Hsinkyun CBT Village

**Mandalay June 11**

Number of local travellers is on the rise to visit Hsinkyun CBT village among other CBT villages, said U Maung Maung Lay, leader of Irrawaddy dolphin conservation body.

Now, Hsinkyun Village in Madaya Township is attractive to local travellers in implementing the community-based tourism service in Mandalay Region. Those local travellers are interested in observing domestic industries such as weaving, pottery, bamboo hat, cheroot and sandal production industries.

"Now, travellers leading to Hsinkyun Village also view habitat of Irrawaddy dolphins in Ayeyawady River in Madaya Township," he continued.

In the last week of May, number of local travellers bound for Hsinkyun Village in Madaya Township of Mandalay Region reached more than 20 per day, compared to more than 100 per day as of the first week of June.

"CBT villages are designated as Hsinkyun, Ayekyun, Myaysun and Seinpangon villages of Madaya Township and Myitkangyi and Hsethel villages in Singu Township in Mandalay Region as well as Ywathit, Tagaung and Sheinmalar villages in Wetlet Township of Sagaing Region. 184



Foreign tourists seen in a CBT village.

# Export of Myanmar's coffee to stretch its wings to new countries in 2023-24 FY

**Taunggyi June 11**

Myanmar will extend export of coffee to more countries in 2023-24 financial year, in addition to existing markets from current countries, said U Sai Tun Aung, CEC member of Myanmar Coffee Association (Shan State).

Currently, Myanmar produces more than 9,000 tons of coffee on a yearly basis, and it fetches some US$5,000 per ton. Myanmar exports coffee to 14 countries and decided to extend the wings to more countries.

"Myanmar exports coffee to 14 countries from America Europe and Asia with promotion of coffee export to potential countries. Myanmar's specialty coffee is exported to US, Canada and EU countries. Arabica coffee flows out to Japan, Korea and ASEAN countries, said U Sai Tun Aung.

Myanmar sends coffee to customer countries at the end of year. Myanmar sends out some 400 tons of coffee to customer countries and it increases to 500 tons in 2019. Now, customers interestingly prefer to coffee from Ywangan, Pinlaung, Hopong, Mogok and Pyin-OoLwin regions.

Coffee can pick out from the plants from December to March yearly, and after April, it is sold the whole year. Coffee plants in PyinOoLwin Township of Mandalay Region and Shan State as well as other regions and states.

ASH



Coffee beans being sorted out.

# Number of local and foreign travellers resurges to watch Irrawaddy dolphins between Mandalay and Kyaukmyaung

**Mandalay June 11**

Number of local and foreign travellers who arrive between Mandalay and Kyaukmyaung resurged to view capturing of fish with fishing net with the help of Irrawaddy dolphins, said U Maung Maung Lay, leader of Irrawaddy dolphin conservation body.

Local and foreign travellers are on the increase to watch capturing of wish using fishing nets with the help of Irrawaddy dolphins between Mandalay-Kyaukmyaung area as from the second week of June.

"Local and foreign travellers come to view Irrawaddy dolphins which help capturing of fish in Ayeyawady River. As a traditional fishing, dolphins help local fishermen in capturing fish in the river," he continued.

Some 40 travellers per day observed fishing process with the help of dolphins in the first week of June. Starting from the second week of June, more than 100 travellers at home and abroad per day visit the Ayeyawady River between Mandalay and Kyaukmyaung to view fishing process with the help of Irrawaddy dolphins.

Currently, flocks of dolphins inhabit Seinpangon Village of Madaya Township due to plentiful aquafeed at a time when water level rises in Ayeyawady River.

According to the survey conducted from Mandalay to Bhamo during the period of 10 to 20 February 2020, a total of 28 Irrawaddy dolphins inhabit between Mandalay and Kyaukmyaung, 37 in Malei of Kanbalu Township and Shwegu Township and 14 nearby Bhamo, totalling 79. 184

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အိန္ဒိယလေတပ်က ပြည်တွင်းထုတ် ALS-50 Kamikaze ဒရုန်းကို တပ်ဖြန့်အသုံးပြု



အိန္ဒိယလေတပ် (IAF)သည် ပြည်တွင်းထုတ်လုပ်ထားသော ALS-50 Kamikaze ဒရုန်းကို တရားဝင်တပ်ဖြန့်အသုံးပြုနိုင်ခဲ့ပြီဖြစ်ကြောင်း ဇွန် ၈ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

မွမ်ဘိုင်းအခြေစိုက် Tata Group က တီထွင်ထုတ်လုပ်ထားသည့် အဆိုပါ ALS-50 Kamikazeဒရုန်းစနစ်သည် ရှုပ်ထွေးသော ရည်မှန်းချက်တာဝန်များကို တိကျစွာ တိုက်ပွဲဝင်လုပ်ဆောင်နိုင်ရန် ရည်ရွယ်ထားခြင်းလည်း ဖြစ်သည်။

၎င်းတွင် ဒေါင်လိုက် အတက်အဆင်း ပြုလုပ်နိုင်မှု (VTOL) နည်းပညာပါဝင်ပြီး မည်သည့်မြေမျက်နှာသွင်ပြင် အခြေအနေတွင်မဆို တာဝန်ထမ်းဆောင်နိုင်မည်လည်းဖြစ်သည်။

ALS-50 Kamikaze ဒရုန်းသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ မြေပြင်နှင့် ရေတပ်ပစ်မှတ်များကို ထိထိရောက်ရောက် တိုက်ပွဲဝင်နိုင်ရန် ပြောင်းလွယ်ပြင်လွယ်ရှိစွာ တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်း ပိုင်ဆိုင်ထားသည်ဟု သိရသည်။

Global Data မှ လေ့လာအကဲခတ်သူ Harpreet Sidhu ၏ အဆိုအရ ALS-50 Kamikaze ၏ ဒီဇိုင်းသည် တိုက်ပွဲဝင်လုပ်ဆောင်ရလွယ်ကူစေပြီး လေတပ်အော်ပရေတာများအတွက် လေ့ကျင့်ရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ALS-50 Kamikaze ဒရုန်း၏ ထူးခြားသောအရည်အချင်းများသည် ၎င်းကို ဈေးကွက်ရှိ အခြား ALS-50 Kamikaze ဒရုန်းလက်နက်ခဲယမ်းများနှင့်မတူ တစ်မူထူးခြားစေလိမ့်မည်ဟု Harpreet Sidhu က သုံးသပ်ပြောကြားခဲ့သည်။

အခြားစနစ်အချို့နှင့် နှိုင်းယှဉ်ပါက အကွာအဝေးအားဖြင့် တိုတောင်းပြီး လေထဲတွင် ကြာရှည်ပျံသန်းနိုင်ချိန်နည်းပါးသော်လည်း ၎င်း၏ဈေးနှုန်းချိုသာမှု၊ အသုံးပြုရလွယ်ကူမှုနှင့် ဘက်စုံစွမ်းဆောင်နိုင်မှုများသည် IAF အတွက် စံပြဖြေရှင်းချက်တစ်ခုဖြစ်စေသည်ဟု ၎င်းက ထည့်သွင်းပြောကြားသည်။

အိန္ဒိယလေတပ် (IAF)တွင် ALS-50 Kamikaze အသစ်များ တီထွင်ထုတ်လုပ်၍ တပ်ဖြန့်အသုံးပြုလာနိုင်ခြင်းသည် Make in India ပဏာမ ဆောင်ရွက်မှုအောက်တွင် ဒေသတွင်းကာကွယ်ရေးစက်မှုလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်နိုင်ခြင်း၏ စွမ်းဆောင်ရည်ကို ပြသနိုင်လိုက်ခြင်းလည်းဖြစ်သည်။ ၎င်းသည် နိုင်ငံ၏လက်ရှိစစ်ဘက်ခေတ်မီရေးအတွက် အဓိကအရေးပါသော ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်။

Global Data အဖွဲ့က အိန္ဒိယကာကွယ်ရေး စက်မှုလုပ်ငန်းသည် မောင်းသူမဲ့လေယာဉ်များ တီထွင်ရန်နှင့် ဉာဏ်ရည်တု နည်းပညာပေါင်းစပ်ရန် လုံလောက်သော အဆင့်မြှင့်တင်နိုင်စွမ်းကို ပိုင်ဆိုင်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဒရုန်းစစ်ဆင်ရေးများတွင် အလိုအလျောက် လုပ်ဆောင်နိုင်စွမ်းအဆင့်သစ်ကို တက်လှမ်းနိုင်ရန်အတွက် လိုအပ်သည့် နည်းပညာများ ပိုမိုဖြည့်ဆည်းလာနိုင်သည်ဟု သုံးသပ်ထားသည်။

ALS-50 Kamikaze ဒရုန်းကို ဝယ်ယူဖြည့်တင်းနိုင်မှုကြောင့် အိန္ဒိယ၏ ကာကွယ်ရေးဆိုင်ရာ ဝယ်ယူမှုတွင် မိမိကိုယ်ကိုအားကိုး၍ စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်ခြင်းများ စဉ်ဆက်မပြတ်လုပ်ဆောင်လာနိုင်မှုကို ပြသနေသည်ဟု Sidhu က ပြောကြားခဲ့သည်။

"အိန္ဒိယရဲ့လေကြောင်းစွမ်းအားကို အားကောင်းစေပြီး ရန်သူတွေရဲ့ ရန်လိုမှုတွေကို ဟန့်တားဖို့ကူညီပေးပါလိမ့်မယ်"ဟု ၎င်းက ထပ်လောင်းပြောဆိုခဲ့သည်။

ယူကရိန်းကို ရုရှားကျူးကျော်မှုတွင် ALS-50 Kamikaze ဒရုန်းများ၏ ထိရောက်မှုသည် အလားတူစနစ်များတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံများစွာအပေါ် လွှမ်းမိုးခဲ့သည်ဟုဆိုသည်။

**Indian Air Force Inducts Indigenous ALS-50 Kamikaze Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းအတွက် နောက်ထပ်ကန်ဒေါ်လာ နှစ်ဘီလီယံတန်ဖိုးရှိ စစ်ရေးအကူအညီများပေးရန် အမေရိကန်ပြင်ဆင်

ယူကရိန်းနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးကို အားကောင်းလာစေရန် ပင်တဂွန်စစ်ဌာနချုပ်က ၎င်းအတွက် နောက်ထပ် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံတန်ဖိုးရှိ စစ်ရေးအကူအညီများပေးရန် ပြင်ဆင်နေကြောင်း Bloomberg သတင်းစာက ဇွန် ၈ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါကြေညာချက်သည် ယခုသီတင်းပတ်နှောင်းပိုင်းတွင် ထွက်ပေါ်လာဖွယ်ရှိကြောင်း အမည်မဖော်လိုသည့် အမေရိကန်အရာရှိများကို ကိုးကားပြီး ဇွန် ၈ ရက်က ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံသည် ယခင်နှစ် ရုရှားနှင့် တိုက်ပွဲများ ဖြစ်ပွားပြီးကတည်းက ယူကရိန်းနိုင်ငံ(ကီယက်ဗ်မြို့)သို့ စစ်လက်နက်ပစ္စည်းများ ဒေါ်လာဘီလီယံပေါင်းများစွာထောက်ပံ့ပေးခဲ့သည့် ယူကရိန်းနိုင်ငံလုံခြုံရေးအထောက်အကူပြုမှု (USAI) အောက်မှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ရေးအစီအစဉ်သစ်တွင် Patriot ဒုံးကျည်အမျိုးအစားနှစ်မျိုး ပါဝင်မည်ဖြစ်ပြီး Patriot Advanced Capability Missile-3 (PAC-3) နှင့် Guidance Enhanced Missile ဒုံးကျည်အမျိုးအစားများပါဝင်မည်ဖြစ်သည်။

Raytheon က ထုတ်လုပ်သော အဆိုပါလက်နက်ခဲယမ်းများသည် နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များ သို့မဟုတ် ရန်သူ့လေယာဉ်များကို တိုက်ခိုက်ချေမှုန်းနိုင်သည့် PAC-3 ဒုံးကျည်စနစ်၏ စွမ်းဆောင်ရည်ကို ပိုမိုအားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်သည်ဟု အမေရိကန်နိုင်ငံ လက်နက်ထုတ်လုပ်ရေးကုမ္ပဏီ၏ ပြောကြားချက်အရသိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံက ၁၉၆၀ ပြည့်နှစ်တွင် စတင်အသုံးပြုခဲ့သည့် MIM-23 Hawk မြေပြင်မှ ဝေဟင်ပစ်ဒုံးပစ်လောင်ချာများကိုလည်း ပေးပို့သွားမည်ဟု သိရသည်။

တာဝန်ရှိသူများက အဆိုပါ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ထောက်ပံ့ပေးမည်ဟုပြောကြားခဲ့သော်လည်း USAI ပရောဂျက်အောက်မှ ရန်ပုံငွေများကို အသုံးပြုကာ ပြန်လည်ပြင်ဆင်ခြင်းနှင့် ပြုပြင်ခြင်းများ လိုအပ်မည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ကြသေးသည်။



ပြီးခဲ့သော ရက်အနည်းငယ်အတွင်း ရုရှားတပ်များကို ယူကရိန်းတို့ဘက်က အလုံးအရင်းဖြင့် တန်ပြန်ထိုးစစ်ဆင်တိုက်ခိုက်မှုများစွာ ပြုလုပ်ခဲ့ချိန်တွင် နောက်ဆုံးပေါ် စစ်ရေးအကူအညီ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

သို့သော်လည်း ယူကရိန်းရှိအရာရှိများက အမှန်တကယ် တန်ပြန်ထိုးစစ် မပြုလုပ်ရသေးဟု အခိုင်အမာ ပြောဆိုထားကာ ယူကရိန်းအမျိုးသားလုံခြုံရေးနှင့်ကာကွယ်ရေးကောင်စီအကြီးအကဲ Aleksey Danilov က တန်ပြန်ထိုးစစ် စတင်ချိန်တွင် လူတိုင်း တွေ့မြင်ကြားသိရမည်ဟုမှတ်ချက်ပေးထားခဲ့သည်။

ယခုလအစောပိုင်းက ယူကရိန်းသမ္မတ ဇီလန်စကီးက ယူကရိန်းစစ်ဘက်သည် တိုက်ပွဲဝင်ရန်အဆင်သင့်ဖြစ်နေပြီဟု ဝေါလ်စထရိဂျာနယ်သို့ ပြောကြားခဲ့ပြီး ယူကရိန်းသည် အနောက်နိုင်ငံများ၏ လက်နက်များ ပိုမိုပိုင်ဆိုင်လိုသော်လည်း လအတော်ကြာအောင် မစောင့်နိုင်တော့ကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။

ရုရှားတပ်များ၏ တိုက်ခိုက်မှုများကို တွန်းလှန်ရန်အတွက် Patriot လောင်ချာများ ထပ်မံတောင်းဆိုနေသည့် နိုင်ငံတစ်နိုင်ငံတွင် လေကြောင်းရန်ကာကွယ်ရေးလုံလောက်မှုမရှိဟု ယူကရိန်းသမ္မတ ဇီလန်စကီးက ယခင်ကတည်းက သတိပေးခဲ့ကြောင်း သိရသည်။

**US preparing another $2 billion in arms for Ukraine – Bloomberg ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဘိုကလေးမြို့နယ်တွင် ကွမ်းသီးအနုအလုံး ၁၀၀ လျှင် ငွေကျပ် ၅၂၀၀ ထိ ဈေးကောင်းရရှိ



**ဘိုကလေး ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ကွမ်းသီးအနုအလုံး ၁၀၀ လျှင် ငွေကျပ် ၅၂၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ဧပြီလနှင့် မေလတို့က ကွမ်းသီးအနုအလုံး ၁၀၀ လျှင် ငွေကျပ် ၃၃၀၀ ထိသာ ဈေးရရှိခဲ့ပြီး ဇွန် ၁ ရက်မှ ယနေ့ထိ ကွမ်းသီးအနုအလုံး ၁၀၀ လျှင် ငွေကျပ် ၅၂၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ ဈေးကောင်းရရှိနေခြင်းသည် ပြည်ပဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်ယူမှုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် ကွမ်းသီးဈေးကောင်းရရှိနေတာပါ။ လက်ရှိ ကွမ်းသီးအနုအလုံး ၁၀၀ ကို ငွေကျပ် ၅၂၀၀ ထိ ဈေးကောင်းရရှိနေတယ်။ ရန်ကုန်ဈေးကွက်ကလဲ ကွမ်းသီးအနုတွေ ဝယ်ယူမှုအားကောင်းနေလို့ ဈေးကောင်းရနေတာပါ။ ရန်ကုန်ကနေတစ်ဆင့် တရုတ်နိုင်ငံကို အဓိကတင်ပို့ရောင်းချနေတာပါ။ ဈေးကောင်းလဲရ ဝယ်ယူမှုအားကလဲကောင်းတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ အဆင်ပြေလာတယ်။ ကွမ်းသီးအနု ဈေးကောင်းရရှိနေတာဟာ ပြည်ပဈေးကွက်ကလဲ ကွမ်းသီးအနုတွေကို အဆမတန်ဝယ်ယူနေလို့ပါ"ဟု ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၁-၆-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ငဖဲမြို့နယ် ဂုတ်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငဖဲ ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇင်ပွန်းကျေးရွာအုပ်စု ဂုတ်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ ဂုတ်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ငဖဲမြို့နယ် ဂုတ်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ပြောပြ၍ သိရသည်။

**အထွေး**

# တန့်ယန်းမြို့နယ် လုံးပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေး

**တန့်ယန်း ဇွန် ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လုံးပုံကျေးရွာနှင့် နောင်ပစ်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက လုံးပုံကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် မိသားစုစားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လုံးပုံကျေးရွာနှင့် နောင်ပစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နီလာ**

# မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် မြန်မာ့ဆေးဝါးလုပ်ငန်းမှထုတ်လုပ်သော ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးဝါး ခုနစ်မျိုး ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၁၁



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ထံ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သော ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ဆေးဝါး ခုနစ်မျိုးကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ငါးစုရှိ ကျေးရွာကိုယ်စားလှယ်များကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

နေပြည်တော် ဇွန် ၁၁

(သတင်းစဉ်)



# သတင်းစာစက္ကူစက်ရုံ(သာပေါင်း)သို့ သဘာဝဓာတ်ငွေ့များ စမ်းသပ်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၁



(သတင်းစဉ်)

# စစ်တွေမြို့နယ် မောင်နီပြင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းသင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆက်လက်ဆောင်ရွက်၊ သီးစုံဒံပေါက်ထမင်းဘူးများပေးဝေလှူဒါန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်မှု၊ တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းရောက်ရှိမှု၊ ဒံပေါက်ထမင်းဟင်းလျာများ ပြင်ဆင်ထုပ်ပိုးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် စစ်တွေမြို့နယ် မောင်နီပြင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား သီးစုံဒံပေါက်ဘူးများ ပေးဝေလှူဒါန်းစဉ်။

နေပြည်တော် ဇွန် ၁၁



နိုင်ငံတော်ကာကွယ်ရေး တာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ငပလီကမ်းခြေသို့ ရောက်ရှိလာကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

နံနက်စာကို အသားရော အသီးအနှံပါ စုံလင်စွာ စားသောက်သင့်သည်။

# မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ကြီးမှူး၍ MSME စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ




မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ကြီးမှူး၍ MSME စကားဝိုင်းဆွေးနွေးပွဲကျင်းပစဉ်။

**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ကြီးမှူးပြီး MSME စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ Mandalay Convention Centerတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်များ၊ MRCCI ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများ၊ ပြည်တွင်းပြည်ပမှစီးပွားရေး လုပ်ငန်းရှင်များ၊ MSME စီးပွားရေး လုပ်ငန်းရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ MSME စကားဝိုင်းတွင် Brain Box Acumen School of Management Principal ဒေါက်တာကောင်းလွန်းက Opportunities and Challenges for MSMEs in Mandalay အကြောင်းကို ဆွေးနွေးဟောပြောပြီး Moderator အဖြစ် ဆက်လက်ဆောင်ရွက်ကာ ရောဝတီဘဏ်မှ SME Sector Project Manager ဦးတိုးလင်းညွန့်က ရောဝတီဘဏ်မှ စီစဉ်ဆောင်ရွက်လျက်ရှိသည့် AYA Green Financing Product များဖြစ်သော Solar Loan,EV Auto Loan များ၊ SME နှင့် MSME products များစသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ Futrue Processing of Banking ခေါင်းစဉ်ဖြင့်လည်းကောင်း၊ MRCCI ဥက္ကဋ္ဌ ဦးဝင်းငွေးက MRCCI အသင်းနှင့် ညီနောင်အသင်းများက SME နှင့် MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ချေးငွေများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်စည်စီးဆင်းမှု၊ MSME လုပ်ငန်းများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလာရေး စသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ Trading ခေါင်းစဉ်ဖြင့်လည်းကောင်း၊ EV Myanmar Group Founder ဦးကျော်ကျော်ထွန်းက စွမ်းအင်နှင့်ပတ်သက်သည့် စိန်ခေါ်မှုများ ရင်ဆိုင်ကြုံတွေ့နေရမှု၊ ကမ္ဘာကြီးပူနွေးမှုကိုလျှော့ချမှု တစ်စိတ်တစ်ပိုင်းဖြစ်စေရန် EV ၏ အရေးပါမှု၊ မြန်မာနိုင်ငံအတွင်း လျှပ်စစ်သုံး(EV) မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ Futrue Business Trend ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာသူများ၏ သိလိုသည့် မေးမြန်းချက်များအပေါ် စကားဝိုင်းတွင် ဆွေးနွေးကြသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ပေါင်းစပ်ဆွေးနွေးပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြသည်။

MSME လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လုပ်ငန်းရှင်များအတွက် အချိန်တိုအတွင်း ထိရောက်သော အသိပညာနှင့် ဗဟုသုတများရရှိစေရန်ရည်ရွယ်၍ အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့တက်ရောက်လာသော လုပ်ငန်းရှင်များအနေဖြင့်လည်း ချေးငွေဆိုင်ရာကိစ္စရပ်များ၊ စွမ်းအင်ကဏ္ဍ၏ အနာဂတ်အလားအလာ၊ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များကိုသိရှိလာပြီး မိမိတို့လုပ်ငန်းများနှင့်သင့်လျော်မည့် စီးပွားရေးလမ်းကြောင်းကို ပြောင်းလဲလုပ်ကိုင်လာနိုင်မည့် အကျိုးကျေးဇူးရရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ဇွန် ၁၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၈ ဦးတွေ့ရှိ

**နေပြည်တော် ဇွန် ၁၁**

ဇွန် ၁၀ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၇၃၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၈ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၉၆၆၂ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၅၆၆ ဦး |

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Payတို့ ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

# Aung Bar Lay Application လမ်းညွှန်

## (အောင်ဘာလေ အွန်လိုင်းထီ Application ကို အသုံးပြုပုံအဆင့်ဆင့် )

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်



# မော်လမြိုင်မြို့ တောင်ဝိုင်းလမ်း မော်လမြိုင်တက္ကသိုလ်ပင်မပေါက်၌ တိုးချဲ့အဆင့်မြှင့်တင်ဆောက်လုပ်ပြီးသော ပလက်ဖောင်းဖွင့်ပွဲပြုလုပ်၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ယှဉ်ပြိုင်နေမှုများ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးယှဉ်ပြိုင်နေမှုများကို သွားရောက်ကြည့်ရှုအားပေး



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက ပလက်ဖောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၁**

မော်လမြိုင်မြို့ တောင်ဝိုင်းလမ်း မော်လမြိုင်တက္ကသိုလ် ပင်မပေါက်၌ တိုးချဲ့အဆင့်မြှင့်တင်ဆောက်လုပ်ပြီးသော ပလက်ဖောင်းဖွင့်ပွဲကို ဇွန် ၁၀ ရက်တွင်ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပလက်ဖောင်းဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မော်လမြိုင်တက္ကသိုလ် ပင်မဆောင် အခန်း(၁၅)တွင် ပန်းချီ၊ ကာတွန်း၊ ပိုစတာ(အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲဝင်နေသည့် မော်လမြိုင်တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသင်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများနှင့် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ စာစီစာကုံး ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေများနှင့် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ဖြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများနှင့် ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့များနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ဖြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား သုံးဦးသည် ၎င်းနှင့် အတူပါလာသော လက်ပစ်ဗုံး တစ်လုံးကို တာဝန်ရှိသူများထံအပ်နှံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆုကြေးငွေအဖြစ်ပေးအပ်သည့် လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေ၊ တာဝန်ရှိသူများကပေးအပ်သည့် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်၊ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အင်းသာရပ်ကွက်နေ မြင့်မြင့်အေးသည် ၎င်းအသုံးပြုသည့် "Myint Myint Aye" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ စောဂေးဒိုစိုးသည် ၎င်းအသုံးပြုသည့် "Gay Doh Soe" Facebook အကောင့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ခင်ဇော်သည် ၎င်းအသုံးပြုသည့် "Khin Zaw" Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်ပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး နေအိမ်များပြိုကျမှုကြောင့် အနည်းဆုံး လူ ၂၅ ဦး သေဆုံး




**အစ္စလာမ်မာဘတ် ဇွန် ၁၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဘက်ရှိ Lhyber Pakhtunkhwa ပြည်နယ်တွင် ဇွန် ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေကျခြင်းတို့ဖြစ်ပွားပြီး နေအိမ်များပြိုကျမှုကြောင့် အနည်းဆုံးလူ ၂၅ ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အရေးပေါ်ကယ်ဆယ်ရေးဌာနမှ ထုတ်ပြန်သော သတင်းများကို ကိုးကား၍ အယ်လ်ဂျာဇီးယားသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အရေဗျပင်လယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော ဆိုင်ကလုန်းမုန်တိုင်း ဘိုင်ပါဂျွိုင်အရှိန်ကြောင့် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ Bannu၊ Lakki Marwat နှင့် Karak ခရိုင်များတွင် ဇွန် ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးသီးကြွေကျခြင်း၊ ရေကြီးခြင်းတို့ဖြစ်ပေါ်ခဲ့ရာ နေအိမ်များပြိုကျပျက်စီးခဲ့ပြီး အနည်းဆုံး လူ ၂၅ ဦး သေဆုံးခဲ့ကာ လူ ၁၄၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ထိခိုက်ဒဏ်ရာရရှိသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်အရေးပေါ်ကယ်ဆယ်ရေးဌာနမှ အကြီးတန်းကယ်ဆယ်ရေးအရာရှိ Khateer Ahmed က ပြောကြားခဲ့သည်။

ပါကစ္စတန်ဝန်ကြီးချုပ် Shahbaz Sharif ကလည်း မုန်တိုင်းကြောင့် အသက်ဆုံးရှုံးရမှုများအတွက် ဝမ်းနည်းကြေကွဲကြောင်း ပြောကြားခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်ရန်၊ နိုင်ငံအနီးချဉ်းကပ်လာသော ဘိုင်ပါဂျွိုင်မုန်တိုင်းနှင့် ပတ်သက်၍ အရေးပေါ်အစီအမံများ ဆောင်ရွက်ထားရန် အာဏာပိုင်များကို ညွှန်ကြားထားကြောင်း သိရသည်။

လက်ရှိ လေတိုက်နှုန်း တစ်နာရီ မိုင် ၉၀ ကျော်နှုန်း တိုက်ခတ်လျက်ရှိသော ဆိုင်ကလုန်းမုန်တိုင်း ဘိုင်ပါဂျွိုင်သည် နိုင်ငံတောင်ပိုင်းသို့ ဦးတည်လျက်ရှိသည်ဟု ပါကစ္စတန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက သတိပေးထားကြောင်း သိရသည်။ AZH

# ကာဇက်စတန်နိုင်ငံ အရှေ့ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူ ၁၄ ဦးသေဆုံး

**အက်စ်တာနာ ဇွန် ၁၁**

ကာဇက်စတန်နိုင်ငံ အရှေ့ပိုင်း အဘိုင်နယ်မြေတွင် ဇွန် ၁၀ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး လူနေအိမ်ခြေများသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ လူ ၁၄ ဦး သေဆုံးခဲ့ကာ လူနေအိမ်ခြေ အမြောက်အမြား မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း ကာဇက်စတန်အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု AA သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံ ၃၁၆ ဦးထိရှိခဲ့ပြီး သေဆုံးသူ ၁၄ ဦးအနက် ၁၁ ဦး၏ ရုပ်အလောင်းများကို သက်ဆိုင်ရာသို့ အပ်နှံပြီးဖြစ်ကြောင်း ကာဇက်စတန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံ ၁၄ ယောက် သေဆုံးသွားခဲ့ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၃၁၆ ယောက်ထိရှိခဲ့ပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် လေကြောင်းအကူအညီလဲ ရရှိထားပါတယ်"ဟု ကာဇက်စတန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကယ်ဆယ်ရေးဝန်ထမ်းဦးရေ ၆၀၀၊ ရဟတ်ယာဉ် ခြောက်စီး၊ မီးငြိမ်းသတ်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အထောက်အကူပြုစက်ပစ္စည်း ၁၆၈ မျိုးကို အသုံးပြုထားကြောင်းလည်း ကာဇက်စတန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

နိုင်းဆက်



# အီတလီနိုင်ငံရှိ ကမ်ပီဖလီဂရီမီးတောင် ပေါက်ကွဲတော့မည့်လက္ခဏာပြသနေ

**ရောမ ဇွန် ၁၁**

အီတလီနိုင်ငံ တောင်ဘက်ပိုင်းတွင်ရှိသည့် ကမ်ပီဖလီဂရီမီးတောင်သည် ပေါက်ကွဲတော့မည့်လက္ခဏာပြသနေကြောင်း အီတလီအမျိုးသားဘူမိရူပဗေဒနှင့် မီးတောင်ဆိုင်ရာသုတေသနဌာနက ထုတ်ပြန်ခဲ့သည်ဟု UPI သတင်းဌာနက ဇွန် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မီးတောင်ပေါက်ကွဲနိုင်သည့် လက္ခဏာများ ပြသနေကြောင်းကိုလည်း Communications Earth and Environment ဂျာနယ်မှ တစ်ဆင့် အသေးစိတ်ဖော်ပြခဲ့ပြီး မီးတောင်အနီးပတ်ဝန်းကျင်တွင် နေထိုင်သောဒေသခံများကို မီးတောင်အန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကမ်ပီဖလီဂရီမီးတောင်ဟာ ပေါက်ကွဲတော့မဲ့ လက္ခဏာတွေ ပြနေပါတယ်။ မီးတောင်ပေါက်ကွဲဖို့လဲ အချိန်နီးကပ်လာပြီဖြစ်ပါတယ်"ဟု အီတလီအမျိုးသားဘူမိရူပဗေဒနှင့် မီးတောင်ဆိုင်ရာ သုတေသနဌာနမှ ပြောရေးဆိုခွင့်ရှိသူ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

မီးတောင်အနီးတွင် ပေါ်ဇွလီကမ်းခြေဒေသတည်ရှိနေပြီး မီးတောင်ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားပါက ပေါ်ဇွလီကမ်းခြေဒေသအတွက် အန္တရာယ်ရှိနိုင်သည့်အခြေအနေဖြစ်ကြောင်း၊ အီတလီအမျိုးသား ဘူမိရူပဗေဒနှင့် မီးတောင်ဆိုင်ရာသုတေသနဌာန၏မှတ်တမ်းများအရ ကမ်ပီဖလီဂရီမီးတောင်အနီးတွင် ပြီးခဲ့သည့်ဧပြီလအတွင်း အသေးစားမြေငလျင်လှုပ်ခတ်မှု အကြိမ် ၆၀၀ ထိရှိခဲ့ကြောင်း သိရသည်။

အသေးစားမြေငလျင်လှုပ်ခတ်မှု အကြိမ်ရေများသည့်အတွက်ကြောင့် မီးတောင်ပေါက်ကွဲတော့မည့် လက္ခဏာ ပြသလာခြင်းဖြစ်ကြောင်း အီတလီသုတေသီများက ခန့်မှန်းသုံးသပ်သွားခဲ့သည်။

မီးတောင်အနီးပတ်ဝန်းကျင်တွင် နေထိုင်သူ ဒေသခံလူဦးရေ ၃၆၀၀၀၀ ထိ ရှိနေသောကြောင့် မီးတောင်အရေးပေါ်ပေါက်ကွဲပါက ဘေးလွတ်ရာရွှေ့ပြောင်းရန် အခက်အခဲရှိနိုင်သည့်အတွက် ဘေးလွတ်ရာရွှေ့ပြောင်းရန် ကြိုတင်ပြင်ဆင်သင့်ကြောင်း၊ ထို့ပြင် ကမ်ပီဖလီဂရီမီးတောင်သည် အီတလီနိုင်ငံ၏ လူနေထူထပ်သော နေပယ်မြို့ဖြင့်လည်း ကိုးမိုင်ခန့်သာကွာဝေးသည့်အတွက် နေပယ်မြို့သည်လည်း မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားပါက အန္တရာယ်ဖြင့် မလွတ်ကင်းနိုင်ကြောင်း သုတေသီများက သတိပေးသွားခဲ့သည်။

နိုင်းဆက်

# အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိုက်ဒရာဘတ်မြို့တွင် လေထုညစ်ညမ်းမှု စိုးရိမ်ဖွယ်မြင့်တက်လျက်ရှိ

**နယူးဒေလီ ဇွန် ၁၁**

အိန္ဒိယနိုင်ငံ တောင်ပိုင်းရှိ ဟိုက်ဒရာဘတ်မြို့သည် လေထုညစ်ညမ်းမှု စိုးရိမ်ဖွယ်မြင့်တက်လျက်ရှိကြောင်း အမေရိကန်နိုင်ငံအခြေစိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Greenpeace အဖွဲ့၏ Greenpeace India ကိုယ်စားလှယ်ရုံးက ယနေ့ထုတ်ပြန်သောအစီရင်ခံစာကို ကိုးကား၍ The Times of India သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ တောင်ပိုင်းရှိ အခြားသောမြို့များထက် ဟိုက်ဒရာဘတ်မြို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကသတ်မှတ်ထားသော လေထုညစ်ညမ်းမှုဆိုင်ရာ ကျန်းမာရေးဘေးကင်းမှုအဆင့်ထက် တစ်နှစ်ပတ်လုံးပျမ်းမျှ ၈ ဒသမ ၂ ဆခန့်ပိုမိုလျက်ရှိပြီး စိုးရိမ်ဖွယ်အခြေအနေသို့ မြင့်တက်လျက်ရှိကြောင်း Greenpeace India က ကြေညာချက်ထုတ်ပြန်ထားသည်။

Greenpeace India သည် ဟိုက်ဒရာဘတ်မြို့၏ လေထုညစ်ညမ်းမှုအခြေအနေကို ရက်ပေါင်း ၃၆၅ ရက်ကြာ ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ရာ လေထုညစ်ညမ်းမှုအခြေအနေသည် ဆိုးရွားလျက်ရှိပြီး မြို့သူမြို့သားများ၏ ရေရှည်ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း ဖော်ပြထားသည်။

Greenpeace India ၏ တိုင်းတာချက်များအရ PM 2.5 အမှုန်အမွှားပါဝင်မှုသည် ၂၀၂၂ ခုနှစ် တစ်နှစ်ပတ်လုံး ပျမ်းမျှအနေဖြင့် ဟိုက်ဒရာဘတ်မြို့တွင် ၄၀ ဒသမ ၉၁ မိုက်ခရိုဂရမ်၊ ဘန်ဂါလူးမြို့တွင် ၂၉ ဒသမ ၀၁ မိုက်ခရိုဂရမ်နှင့် ချန်နိုင်းမြို့တွင် ၂၃ ဒသမ ၈၁ မိုက်ခရိုဂရမ် အသီးသီးရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ဘေးကင်းသည့်အဆင့်မှာ PM 2.5 အမှုန်အမွှားများကို ၁၅ မိုက်ခရိုဂရမ်ထက်ပို၍ တစ်နှစ်လျှင် သုံးရက်မှ လေးရက်ထက် ပိုမထိတွေ့သင့်ဟု သတ်မှတ်ထားကြောင်း သိရသည်။

ယခုကာလအတွင်း ဟိုက်ဒရာဘတ်မြို့၏ လေထုညစ်ညမ်းမှုအခြေအနေမှာ ပိုမိုဆိုးရွားလျက်ရှိပြီး ၂၄ နာရီအတွင်း PM 2.5 အမှုန်အမွှားများပါဝင်မှုသည် ၁၀၂ ဒသမ ၆၄ မိုက်ခရိုဂရမ်ထိ မြင့်တက်လျက်ရှိကာ ဘေးကင်းမှုအခြေအနေထက် ၆ ဒသမ ၈ ဆထိ မြင့်တက်လျက်ရှိကြောင်း သိရသည်။ AZH

# တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်မြို့တွင် ပြင်းအား ၅ မဂ္ဂနီကျူးရှိ မြေငလျင်လှုပ်ခတ်

**ပရီတိုးရီးယား ဇွန် ၁၁**

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်မြို့တွင် ယနေ့နံနက် ၂ နာရီ ၃၈ မိနစ်က ပြင်းအား ၅ မဂ္ဂနီကျူးရှိသည့်မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း တောင်အာဖရိက မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်ဟု BNO News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်သည် ဂျိုဟန်နက်စ်ဘတ်အရှေ့တောင်ဘက်ပိုင်း ၁၆ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေအောက်အနက် ၁၀ ကီလိုမီတာအကွာမှ အစပျိုးခဲ့ခြင်းလည်းဖြစ်ကြောင်း၊ မြေငလျင်ကြောင့် ကြီးကြီးမားမားပျက်စီးဆုံးရှုံးမှုမျိုးမရှိခဲ့သော်လည်း အသေးစားပျက်စီးမှုမျိုး ဖြစ်ပေါ်ခဲ့ကြောင်း တောင်အာဖရိက အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒီနေ့မနက် ၂ နာရီ ၃၈ မိနစ်လောက်မှာ ဂျိုဟန်နက်စ်ဘတ်မြို့အနီးမှာ ပြင်းအား ၅ မဂ္ဂနီကျူးရှိတဲ့ မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ဟာ ဂျိုဟန်နက်စ်ဘတ်အရှေ့တောင်ဘက်ပိုင်း ၁၆ ကီလိုမီတာအကွာ မြေအောက်အနက် ၁၀ ကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ မြေငလျင်လှုပ်ခတ်ခဲ့တဲ့ကြာချိန်ဟာ စက္ကန့် ၄၀ လောက်ရှိပါတယ်။ မြေအောက်အနက် ၁၀ ကီလိုမီတာအကွာကနေ အစပျိုးလာတဲ့ မြေငလျင်ဖြစ်တဲ့အတွက်ကြောင့် ဒေသခံတွေ အထိတ်တလန့်ဖြစ်နိုင်တဲ့ မြေငလျင်လှိုင်းရိုက်ခတ်မှုတွေ ဖြစ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် မတ်လနောက်ပိုင်း ဂျိုဟန်နက်စ်ဘတ်မှာ လှုပ်ခတ်ခဲ့တဲ့ မြေငလျင်တွေအနက် အားအကောင်းဆုံး မြေငလျင်ဖြစ်ခဲ့ပါတယ်။ မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းတော့ ဖြစ်ပေါ်လာဖွယ်မရှိပါဘူး"ဟု မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်လှိုင်းသည် ဂျိုဟန်နက်စ်ဘတ်မြို့အပြင် အယ်ဘတ်တန်မြို့သို့လည်းရောက်ရှိခဲ့ပြီး မြေငလျင်လှုပ်ခတ်သည့်ကြာချိန်မှာ စက္ကန့် ၄၀ ခန့်ထိရှိခဲ့ကြောင်း၊ မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်း ဖြစ်ပေါ်လာဖွယ်မရှိကြောင်းလည်း မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်။

နိုင်းဆက်

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ယခုဘဏ္ဍာနှစ် မေလကုန်ထိ ပဲမျိုးစုံပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၈၇ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဇွန် ၁၁**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မေလကုန်ထိ ပဲမျိုးစုံပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၈၇သန်းဖိုး နိုင်ငံခြားဝင်ငွေရရှိခဲ့ပြီး မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံကို အများဆုံး တင်ပို့ရောင်းချပေးခဲ့ရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၀၂ ဒသမ ၅၀၅ သန်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၃၆၅ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၈၇ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးခဲ့ရာတွင် မတ်ပဲကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှအမေရိကန်ဒေါ်လာ ၈၁ ဒသမ ၁၄၁ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅၂ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၉၉၃ သန်းဖြင့် အများဆုံးတင်ပို့ရောင်းချပေးခဲ့ရပြီး ပဲတီစိမ်းကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၀၈၈ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၅၁ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၇၆ ဒသမ ၆၃၉ သန်းဖြင့် ဒုတိယအများဆုံးတင်ပို့ရောင်းချပေးခဲ့ရသည်။

ပဲစင်းငုံကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်ခြင်းမရှိသော်လည်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှအမေရိကန်ဒေါ်လာ ၃၂ ဒသမ ၀၇၆ သန်းဖြင့် တတိယအများဆုံးတင်ပို့ရောင်းချပေးခဲ့ရသည်။

အဆိုပါ ကာလအတွင်းတွင် ပဲတီစိမ်းလုံးခြမ်းများကို တင်ပို့ရောင်းချခြင်းမရှိကြောင်း၊ ကုလားပဲ၊ စွန်တာနီ၊ စွန်တာဖြူ၊ ပဲဖြူလေး၊ ဗိုလ်ကိတ်ပဲ၊ ပဲပုပ်စေ့များကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှသာ တင်ပို့ရောင်းချပေးခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးမှုမရှိကြောင်း၊ ထို့အတူ ပဲနီကျား၊ နိုင်လွန်ပဲများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချခြင်းမရှိဘဲ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှသာ တင်ပို့ ရောင်းချပေးခဲ့ကြောင်း သိရသည်။ SKL

# နတ်တလင်းမြို့နယ် အနောက်စုကျေးရွာ၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဖွင့်

**နတ်တလင်း ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန် ၁၀ ရက်က အနောက်စုကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ၎င်းပျောပင်မှထွက်ရှိလာသောပစ္စည်းဖြင့် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက သင်တန်းတွင်လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို နတ်တလင်းမြို့နယ် အနောက်စုကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာက ဖိနပ်ချုပ်နည်းအမျိုးမျိုး၊ ဦးထုပ်ချုပ်နည်း အမျိုးမျိုး၊ အိတ်ချုပ်နည်း အမျိုးမျိုးနှင့် ပတ်သက်သည့်သင်ခန်းစာ ဘာသာရပ်များကို ဇွန် ၁၀ ရက်မှ ဇွန် ၁၉ ရက်ထိ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။ **သုတ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အမျိုးသမီးများ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာကာကွယ်ပေးသည့် ဥပဒေများ(၆)

❖ အသက် ၁၈ နှစ်အောက်အမျိုးသမီးကို ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန်အတွက် လိမ်လည်လှည့်ဖြားသွေးဆောင်ကာ ရောင်းချခြင်း၊ ငွေကြေးအမြတ်အစွန်းယူကာ တစ်နည်းနည်းဖြင့် လက်လွှဲပြောင်းပေးခြင်းပြုသူများနှင့် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန်အတွက် အမျိုးသမီးတစ်ဦးကို ဝယ်ယူခြင်း၊ အခြားနည်းလမ်းဖြင့် လက်ရှိရယူခြင်း စသည့် အရွယ်မရောက်သေးသူမိန်းကလေးများကို ပြည့်တန်ဆာကိစ္စအလို့ငှာ ရောင်းချခြင်းကိုကာကွယ်ရန်အတွက် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၂ ကို ပြဋ္ဌာန်းထားသည်။ ❖

လောကတွင် လူအမျိုးမျိုးစိတ်အဖုံဖုံရှိသည်။ အချို့သောလူများသည် ကောင်းသောသမ္မာအာဇီဝဖြင့် အသက်မွေးဝမ်းကျောင်းပြုသော်လည်း အချို့သောလူများသည် စီးပွားရေးဖြတ်လမ်းက ရှာဖွေကြသည်။ ထိုသူများသည် လက်ကြောတင်းအောင် အလုပ်မလုပ်သောသူများဖြစ်သည်။ ထိုသူများသည် လွယ်လွယ်နှင့် အချောင်ငွေရပေါက်ကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေလုပ်ကိုင်တတ်သူများဖြစ်သည်။ ဥပမာ-လောင်းကစားမှုပြုလုပ်ခြင်းဖြင့် ငွေရှာဖွေကြသည်။ ကစားဝိုင်းတွင် လူပေါင်းစုံဖြင့် ပေါင်းသင်းဆက်ဆံရသည်။

လောင်းကစားဝိုင်းတွင် ရှုံးသောသူတို့သည် ရှုံးမဲမဲကာ အလွယ်တကူ အချောင်ငွေရမည့်နည်းလမ်းများကို ဖန်တီးလာကြသည်။ ကိုယ်ကျင့်သီလစောင့်ထိန်းခြင်းမရှိသောအမျိုးသမီးတစ်ဦးသည် အလွယ်တကူ အချောင်ငွေရမည့် နည်းလမ်းကို ရှာကြံလာသည်။ ကိုယ်ကျင့်သီလပျက်ပြားသော အမျိုးသားတစ်ဦးနှင့် ဆက်သွယ်မိကာ အလွယ်တကူ အချောင်ငွေရနိုင်သည့် ခန္ဓာကိုယ်ကိုရင်းနှီး၍ ငွေရှာလေသည်။ ခန္ဓာကိုယ်ရင်းနှီးသည့်လုပ်ငန်းဖြင့် ငွေရှာရာမှ ပြည့်တန်ဆာဖြစ်သွားကာ ဘဝပျက်သွားသည့်အမျိုးသမီးများလည်းရှိသည်။

ထိုအမျိုးသမီးသည် ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်ရန်အတွက် အဆက်အသွယ်ရှာရာမှ အမျိုးသား သို့မဟုတ် အမျိုးသမီး အဆက်အသွယ်ရရှိလာသည်။ အဆက်အသွယ်ရရှိလာသူနှင့်ဆက်လက်၍ ဝင်ငွေရပေါက်ရလမ်းအတွက် ပြည့်တန်ဆာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်သည်။ ဆက်သွယ်ပေးသူကလည်း လုပ်အားခေါင်းပုံဖြတ် အကျိုးအမြတ်အတွက် ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာကို လက်ခံရယူသည်။ ခေါင်းပုံဖြတ်အကျိုးအမြတ်ငွေကြေးလက်ခံသူသည် ငွေရပေါက်လွယ်ကူသည့် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန်အတွက် ပြည့်တန်ဆာလုပ်ငန်းစီမံကြီးကြပ်သူထံသို့ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်လိုသူအမျိုးသမီးများကို ရောင်းခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် လက်လွှဲပြောင်းပေးတတ်ကြသည်။

ပြည့်တန်ဆာလုပ်ငန်း စီမံကြီးကြပ်သူသည် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်မည့် အမျိုးသမီးကို ကိုယ်တိုင်ရှာဖွေခြင်းမပြုပေ။ လုပ်ငန်းဆက်စပ်မှုရှိသူထံမှ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်မည့်သူကို အခကြေးငွေပေး၍ အချိန်၊ နေ့၊ ရက် ကန့်သတ်ချက်များဖြင့် လက်ခံရယူရသည်များရှိသည်။ တစ်နည်းအားဖြင့် ဝယ်ယူခြင်း၊ ငှားရမ်းအသုံးပြုခြင်းဖြစ်သည်။

အချို့သော အမျိုးသမီးများသည် လောင်းကစားဝိုင်းတွင်ရှုံးသဖြင့် ရှုံးမဲ မဲကာ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ကြသူများဖြစ်သည်။ အချို့သောသူများသည် စီးပွားရေးအဆင်မပြေ၊ ကြွေးတင်၊ ကုန်ရှုံးသဖြင့် ငွေကြေးရပေါက်ရလမ်းကိုရှာဖွေရာမှ ကြံမိကြံရာ ပြည့်တန်ဆာဖြစ်သွားပြီး နောက်ပိုင်းတွင် ပြည့်တန်ဆာလုပ်ငန်းစီမံကြီးကြပ်သူနှင့် အသိုင်းအဝိုင်းများကြောင့် မထူးဇာတ်ခင်းကာ ပြည့်တန်ဆာဘဝဖြင့် နိဂုံးချုပ်ရသူများရှိသည်။ တန်ဖိုးရှိလှသော လူ့ဘဝတစ်ခုလုံး ဆုံးရှုံးနစ်နာရခြင်းသည် အတွေးအခေါ် အသိပညာ နည်းပါးမှုကြောင့်ဖြစ်ရလေသည်။

လောင်းကစားရှုံးသည့် အမျိုးသမီးများတိုင်းသည် ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ခြင်းမရှိပေ။ လောင်းကစားရာမှ ရှုံးမဲ မဲသည့်အမျိုးသမီးတချို့ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ကြောင်း ရွှေနေလုပ်ငန်းလုပ်သက် အနှစ် ၄၀ ရှိသည့် အတွေ့အကြုံအရ သိရှိရခြင်းဖြစ်သည်။ လောင်းကစားရှုံးသော်လည်း ကိုယ်ကျင့်တရားမဖောက်ဖျက်သည့် အမျိုးသမီးများစွာရှိသည်။ ထို့အတူ လောင်းကစားဝိုင်းတွင် ရှုံးမဲမဲသည့် အမျိုးသားတိုင်း ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန်အတွက် အမျိုးသမီးများကို မြှူဆွယ်ခြင်းမရှိပေ။ ကိုယ်ကျင့်တရားထိန်းသိမ်းသည့် လောင်းကစားသမားများစွာရှိသည်။

အသက်ငယ်ရွယ်သော မိန်းကလေးများသည် ဘဝကို လက်တွေ့စူးစမ်းလေ့လာအသုံးချလိုသည့်စိတ်များရှိသည်။ မိဘအုပ်ထိန်းသူများ၏ ခွင့်ပြုချက်အရဖြစ်စေ၊ ခွင့်ပြုချက်မရရှိဘဲဖြစ်စေ နေအိမ်မှဆင်းလာကာ ပြင်ပလောကကို လက်တွေ့စူးစမ်းကြသည်။ ဘဝကိုလက်တွေ့စမ်းသပ်ရာမှ လမ်းလွဲ၍ ဒုက္ခနှင့်ရင်ဆိုင်ရသူများရှိသည်။ ဒုက္ခနှင့် ရင်ဆိုင်နေရစဉ် ကူညီစောင့်ရှောက်ပေးမည့် အားကိုးနိုင်မည့်သူကို ရှာဖွေကြသည်။ ကိုယ်ကျင့်သီလပျက်သူ ကိုယ်ချင်းစာနာစိတ်ကင်းမဲ့သည့် အတ္တသမားနှင့်တွေ့ကြုံရသည်။ ဒုက္ခရောက်နေသည့် မိန်းကလေးကိုကယ်တင်ရန် အစီအမံများကို မစားရဝခမန်းအားကိုးချင့်စဖွယ်ပြောဆိုလာသည်။ မိန်းကလေးကယုံမှတ်၍ ပုံအပ်လိုက်လေသည်။

အလုပ်အကိုင်အခွင့်အလမ်းကောင်းပြီး ဝင်ငွေများများစားစားရနိုင်သည့်အလုပ်ရှိကြောင်း၊ တစ်ဘဝလုံးကူညီစောင့်ရှောက်လိုကြောင်းပြောဆိုကာ ပြည့်တန်ဆာလုပ်ငန်းစီမံကြီးကြပ်သူ(ပြည့်တန်ဆာခေါင်း) ထံ အပ်နှံလိုက်သည်။ မိမိအတွက်ရရှိမည့်ငွေကြေး၊ ပစ္စည်းအမြတ်အစွန်းများ လက်ခံယူဆောင်ကာ အမျိုးသမီးငယ်ကို လုပ်ငန်းအကြောင်းပြ ခရီးထွက်ခွာသွားသည်။ ဘဝလက်တွေ့စူးစမ်းလေ့လာလို၍ မိဘနေအိမ်မှဆင်းလာသည့် အမျိုးသမီးငယ်သည် ပြည့်တန်ဆာစီမံကြီးကြပ်သူ၏ အလိုကျ လိုက်နာလုပ်ကိုင်နေရာမှ ပြည့်တန်ဆာဘဝမှရုန်းမထွက်နိုင်သူများစွာရှိသည်။ အချို့သောပြည့်တန်ဆာများသည် မိမိကိုယ်တိုင် ပင်ကိုဝါသနာအထုံပါ၍ လုပ်ကိုင်နေသူများဖြစ်သည်။

အသက် ၁၈ နှစ်အောက်အမျိုးသမီးကို ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန်အတွက် လိမ်လည်လှည့်ဖြားသွေးဆောင်ကာ ရောင်းချခြင်း၊ ငွေကြေးအမြတ်အစွန်းယူကာ တစ်နည်းနည်းဖြင့် လက်လွှဲပြောင်းပေးခြင်းပြုသူများနှင့် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန်အတွက် အမျိုးသမီးတစ်ဦးကို ဝယ်ယူခြင်း၊ အခြားနည်းလမ်းဖြင့် လက်ရှိရယူခြင်း စသည့်အရွယ်မရောက်သေးသူမိန်းကလေးများကို ပြည့်တန်ဆာကိစ္စအလို့ငှာ ရောင်းချခြင်းကိုကာကွယ်ရန်အတွက် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၂ ကို ပြဋ္ဌာန်းထားသည်။ အရွယ်မရောက်သေးသူ မိန်းကလေးများကို ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်စေရန်အတွက် ဝယ်ယူခြင်း၊ ငှားယူခြင်း၊ အခြားနည်း လက်ရှိရယူသူများ၏ဘေးရန်မှ ကာကွယ်ရန်အတွက် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၃ ကို ပြဋ္ဌာန်းထားသည်။ ထိုပုဒ်မနှစ်ခုသည် တစ်ခုကို တစ်ခုအမှီသဟဲအထောက်အကူပြုနေသည်။ ထိုပုဒ်မနှစ်ခုသည် အရွယ်မရောက်သေးသည့်အသက် ၁၈ နှစ်အောက် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်ပေးထားသည့်ပုဒ်မများဖြစ်ကြသည်။

တစ်ဦးတစ်ယောက်သည် ပြည့်တန်ဆာကိစ္စအလို့ငှာဖြစ်စေ၊ တစ်ဦးတစ်ယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်ရန်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သော အကျင့်ဖောက်ပြားသည့် ကိစ္စအလို့ငှာဖြစ်စေ၊ အသုံးပြုရန်အကြံဖြင့်ဖြစ်စေ၊ ထိုသို့အသုံးပြုခြင်းခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ အသက် ၁၈ နှစ်အောက် မိန်းကလေးကို လူတစ်ဦးတစ်ယောက်အား ရောင်းချခြင်း၊ ထုတ်ငှားခြင်း သို့မဟုတ် အခြားနည်း လက်လွှဲပြောင်းခြင်းပြုလျှင် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၂ အရ ပြစ်မှုမြောက်သည်။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်လျှင် ထိုသူကို ဆယ်နှစ်အထိထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟုပြဋ္ဌာန်းထားပါသည်။

တစ်ဦးတစ်ယောက်သည် ပြည့်တန်ဆာကိစ္စအလို့ငှာ တစ်ယောက်သောသူနှင့် မတရားသဖြင့် ကာမစပ်ယှက်သောကိစ္စ၊ ဥပဒေနှင့်ဆန့်ကျင်ပြီး အကျင့်ဖောက်ပြားသောကိစ္စတစ်ခုခု အသုံးပြုရန် အကြံဖြင့်ဖြစ်စေ၊ ထိုသို့အသုံးပြုခြင်းခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ အသက် ၁၈ နှစ်အောက် မိန်းကလေးကို ဝယ်ယူခြင်း၊ ငှားယူခြင်း၊ အခြားနည်းလက်ရှိရယူခြင်းပြုလျှင် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၃ အရ ပြစ်မှုမြောက်သည်။ ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၃ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားပေါ်ပေါက်လျှင် ထိုသူကို ဆယ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟုပြဋ္ဌာန်းထားပါသည်။

အခကြေးငွေယူ၍ ကာမစပ်ယှက်ခွင့်ပြုခြင်းသည် ပြည့်တန်ဆာပြုခြင်းဖြစ်သည်။ ပြည့်တန်ဆာအိမ်ဆိုသည်မှာ ပြည့်တန်ဆာကိစ္စအလို့ငှာ အသုံးပြုခဲ့ခြင်းဖြစ်သည့် အိမ်၊ အဆောက်အအုံ၊ အခန်း၊ ရေယာဉ်၊ ကုန်းယာဉ်နေရာသာမကဆိုခဲ့သည့်အိမ် စသည်တို့၏ တစ်စိတ်တစ်ဒေသများပါဝင်သည်ဟု ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေတွင် ပြဋ္ဌာန်းသည်။

ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၂ နှင့် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၃ တို့သည် အကျင့်စာရိတ္တဖောက်ပြားခြင်းနှင့် အမျိုးသမီးများ၏ဂုဏ်သိက္ခာကို ကာကွယ်ပေးထားသည့်ဥပဒေများဖြစ်သည်။ ဤဥပဒေများတွင် မိန်းကလေးများသာမက ယောကျ်ားလေးများနှင့်လည်း အကျုံးဝင်သည်။ အိမ်ထောင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အုပ်ထိန်းသူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အားလုံးနှင့်သက်ဆိုင်သည်။ မကောင်းသောအလုပ်အကျင့်ဖောက်ပြားသောအလုပ်ကို အမြဲလုပ်ကိုင်ရန် ရောင်းချခြင်း၊ ဝယ်ယူခြင်းသာမက တစ်ကြိမ်တစ်ခါ လုပ်ကိုင်စေခြင်းသည်လည်း အကျုံးဝင်သည်။

ပြည့်တန်ဆာလုပ်ငန်းသည် အမျိုးသမီးများ၏ ဂုဏ်သိက္ခာပျက်ပြားစေသည့်အပြင် လူမှုပတ်ဝန်းကျင်တွင် ခွဲခြားဆက်ဆံခြင်းခံရသည်ထိ ဖြစ်လာသည်။ ထိုလုပ်ငန်းကြောင့် မလိုလားအပ်သော ရောဂါဘယများဖြစ်ပေါ်စေပြီး အခြားသူများသို့သာ ကူးစက်စေသည်။ လူသားအရင်းအမြစ်ဆုံးရှုံးနစ်နာစေသည်။

ပြည့်တန်ဆာလုပ်ငန်းကို ကာကွယ်ရန်အတွက် ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ထို့အတူ လူသားချင်းကုန်ပစ္စည်းသဖွယ်ရောင်းဝယ်နေခြင်းကို ကာကွယ်ရန်အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကိုလည်း ပြဋ္ဌာန်းထားသည်။

ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၂ နှင့် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၃ ကျူးလွန်သူကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့်လည်း တရားစွဲဆိုအပြစ်ပေးခြင်းခံရပေမည်။

ပြည့်တန်ဆာလုပ်ငန်းသည် လူမှုပတ်ဝန်းကျင်တွင် မလိုလားအပ်သောလုပ်ငန်းတစ်ခုဖြစ်သည်။ ပြည့်တန်ဆာလုပ်ငန်းကြောင့် ဘဝပျက်ရသူများစွာရှိသည်။ ရှေးအခါက ပြည့်တန်ဆာများထံမှ ကာလသားရောဂါများကူးစက်ခြင်းခံရသဖြင့် ဘဝပျက်ရသူများစွာရှိခဲ့ဖူးသည်။ ထို့အတူ ပြည့်တန်ဆာမိန်းမနှင့် ဆက်ဆံမိရာမှ မိမိ၏တရားဝင်ဇနီးမယားနှင့် ကလေးများကို စွန့်ပစ်ခြင်းခံရသည်များရှိသည်။ ပြည့်တန်ဆာလုပ်ငန်းသည် ကောင်းကျိုးထက် ဆိုးကျိုးကိုသာပေးတတ်သည်။ ပြည့်တန်ဆာလုပ်ငန်းမှ မမျှော်လင့်သောရာဇဝတ်ပြစ်မှုများ ကျူးလွန်တတ်သည်လည်းရှိသည်။

ပြည့်တန်ဆာလုပ်ငန်းသည် လူလူချင်းခေါင်းပုံဖြတ်အမြတ်ကြီးစားသည့်လုပ်ငန်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်နေသောနိုင်ငံများ၊ တိုင်းပြည်များတွင် ပြည့်တန်ဆာလုပ်ငန်းသည် မရှိသင့်သောလုပ်ငန်းဖြစ်သည်။ ပြည့်တန်ဆာလုပ်ငန်းမှကူးစက်သော ဆစ်ပလစ်၊ ရှမ်ကာ၊ ဂနိုရီးယား စသည့်ရောဂါပိုးများသည် လူညွန့်တုံးစေသည်။ ဦးနှောက်ပိုင်းဆိုင်ရာ အသိတရားများ၊ မှတ်ဉာဏ်များကို ပျက်ပြားစေသည်။ ထိုရောဂါပိုးများကြောင့် ပညာရေးနိမ့်ပါးသည့်အဆင့်ကို ရောက်ရှိစေသည်။ အဘက်ဘက်မှ ကောင်းကျိုးမပေးသည့်လုပ်ငန်းကို အားပေးခြင်းမပြုဘဲ ဝိုင်းဝန်းဖယ်ရှားသင့်ပေသည်။

မည်သို့ဆိုစေ လူနှင့်လူချင်းခေါင်းပုံဖြတ်အမြတ်စားပြီး ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန်အတွက် ဖြားယောင်းသွေးဆောင်ခြင်း၊ လိမ်လည်လှည့်ဖြားစည်းရုံးခြင်းတို့သည် လူသားအရင်းအမြစ်များ ဆုံးရှုံးနစ်နာရပေသည်။ ထို့ကြောင့် အသက်မပြည့်သေးသောမိန်းကလေးများဖြစ်စေ၊ အသက်ပြည့်ပြီးသော မိန်းကလေးများဖြစ်စေ ငွေရပေါက်လွယ်သည့် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန် အားပေးသူ၊ စည်းရုံးသူ၊ လုပ်ငန်းစီမံကြီးကြပ်သူတို့ကို ဥပဒေအရ ထိရောက်စွာအရေးယူခြင်းဖြင့် အမျိုးသမီးများ၏ ဘဝသည် ကောင်းမွန်တိုးတက်သောဘဝကို ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်ပေသည်။ လူသားအရင်းအမြစ်များ ဆုံးရှုံးခြင်းသည် မိမိတစ်ဦးတည်းအတွက်သာမဟုတ် နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာရပေသည်။ ထို့ကြောင့် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်ပေးထားသည့်ဥပဒေများကို လေးစားလိုက်နာခြင်းဖြင့် တန်ဖိုးရှိသော လူ့ဘဝတည်ဆောက်သင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ရှေ့နေ-ဦးဝင်းကြည်(စဉ့်ကိုင်)**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ် (၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၃၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၅)ရပ်ကွက်၊ အကွက်အမှတ်(G-6)၊ ဦးပိုင်အမှတ် (G-6-A-က+ G-6-B-က)၊ ဧရိယာ (၃. ၀၀၁၀+၁. ၇၅၈၅)ဧကအကျယ်အဝန်းရှိ မြေကွက်များအတွင်းမှ ဦးပိုင်အမှတ် (G-6-B-က)၊ ဧရိယာ (၁. ၇၅၈၅)ဧက အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော **၁။ ဦးဇော်မျိုးထိုက် (ခ) ဦးမဓေါ်ဘူး**၊ (၉/မရမ(နိုင်)၀၀၀၀၆၉)၊ **၂။ ဦးမဓေါ်သော (ခ) ဦးမျိုးနိုင်**၊ (၉/မရမ(နိုင်)၀၀၀၀၇၀)နှင့် **၃။ ဒေါ်ရန်ယူလန် (ခ) ဒေါ်လီလီယန်း**၊ (၁၃/လရန(နိုင်)၀၅၉၈၉၈) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတချို့ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

<u>လွှဲအပ်ညွှန်ကြားချက်အရ</u>

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| **ဦးရဲဝင်း (LL.B)** | **ဦးပြည့်ကိုကို (LL.B)** | **ဒေါ်မြင့်မြင့်အေး (LL.M)** | **ဒေါ်ချောစု (LL.B)** | **ဒေါ်နေခြည်စိုးဝင်း (LL.B)** |
|---|---|---|---|---|
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

အမှတ်(အေ-၈)၊ ၃၁-လမ်း၊ ၇၀×၇၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်




**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာလမ်း သန်လျင်တံတားအနီးတွင်တည်ရှိပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ပုံဖော်တည်ဆောက်ထားသည့် ဗဟုသုတရဖွယ်၊ လှေလှော်ဖွယ်ယဉ်ကျေးမှုဥယျာဉ်ဖြစ်ကြောင်း၊ ထို့ပြင် ရေမွေးငွေ့သုံး မီးရထားစက်ခေါင်း၊ သင်္ဘောနှင့်ပတ်သက်သည့် အကြောင်းအရာများကို လေ့လာနိုင်ပြီး လမုတောဥယျာဉ်အတွင်း လမ်းလျှောက်ပြီး ပဲခူးမြစ်၏သဘာဝအလှကိုလည်း ခံစားနိုင်ကြောင်း သိရသည်။

ထို့အတူ အပတ်စဉ် တနင်္ဂနွေနေ့တိုင်းတိုင်းရင်းသားလူမျိုးများ၏ ရိုးရာအကအလှ သီဆိုဖျော်ဖြေမှု အစီအစဉ်သစ်များကို ပြုလုပ်ပေးနေပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက တစ်လ တစ်ကြိမ်ခန့် ပြင်ပမှမျက်လှည့်နှင့် ရုပ်သေးပညာရှင်များကို ဖိတ်ခေါ်ကာ ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သည် ရန်ကုန်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်နေသကဲ့သို့ ရန်ကုန်မြို့၏ လည်ပတ်စရာနေရာတစ်ခုလည်း ဖြစ်နေသောကြောင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန လက်အောက်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်းရှိ သမင်ခြံနေရာတွင် ဝင်ပေါက်လမ်း၊ ဝါးရုံတောလျှောက်လမ်းပြုပြင်ခြင်းလုပ်ငန်း၊ ရေပန်းအလှတပ်ဆင်ခြင်းလုပ်ငန်းနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်းရှိ ဆိပ်ခံဖောတံတားအနီး သောင်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါဖိတ်ခေါ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် တင်ဒါအဆိုပြုလွှာများကို ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် ဇွန် ၁၂ ရက်မှ စတင်ရောင်းချပေးနေပြီး ဇွန် ၂၇ ရက် နောက်ဆုံးထားကာ အဆိုပါဌာနသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန သတင်းများအရ သိရသည်။

SKL

# ဖြူးမြို့နယ် ဆိတ်ဖူးခင်ကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဖြူး ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများအတွက် သွားလာမှုလွယ်ကူစေရန်ရည်ရွယ်၍ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆိတ်ဖူးခင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၁၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်း လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဆိတ်ဖူးခင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ် ဆိတ်ဖူးခင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေမှ သုံးစွဲခွင့်ရရှိသောငွေကျပ်သိန်း ၁၅၀ အသုံးပြုပြီး အရှည်ပေ ၃၇၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် မေလ ပထမပတ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညီ**



ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

# ရတနာပုံ ခန်းမ



ခန်းမလူဝင်ဆံ့မှုလူဦးရေ(၁၂၀၀)(စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး
အခမ်းအနားများနှင့်ဖျော်ဖြေရေးပွဲများအတွက်
လူဦးရေ(၁၆၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။







## ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ မင်္ဂလာဆောင်ပွဲများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ် ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာ ကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန် လိပ်စာ

၇၈ လမ်းနှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။



## ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

## နဲ့ ဖြည့်စွမ်းထား ...





ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄



# တာဟုန်ဖန်

ခန်းဆီးလိုက်ကာ၊ လျှပ်စစ်နှင့် Xing Hai ရေချိုးခန်းသုံး

၁။ **တရုတ်စကားပြန်** မ (၁) ဦး
- အသက် ၂၀ မှ ၂၈ နှစ်အတွင်း
- လစာညှိနှိုင်း

၂။ **အစည့်** မ (၁) ဦး
- အသက် ၂၀ မှ ၃၀ နှစ်
- လစာ - အစမ်းခန့် ပထမ(၁)လ ၁၂၀၀၀၀/-
- ဒုတိယလ ၁၅၀၀၀၀/- + %

၃။ **အရောင်းဝန်ထမ်း** မ (၄) ဦး
- အသက် ၁၈ နှစ်မှ ၂၆ နှစ်
- လစာ - ပထမလ ၁၂၀၀၀၀/-
- ဒုတိယလ ၁၅၀၀၀၀/- + %

၄။ **Marketing** ကျား/မ (၆) ဦး
- အသက် ၁၈ နှစ်မှ ၂၈ နှစ်
- လစာ - ပထမလ ၁၂၀၀၀၀/- + %
- ဒုတိယလ ၁၅၀၀၀၀/- + %

မှတ်ချက်။ ကိုယ်ပိုင်ဆိုင်ကယ်၊ (က)လိုင်စင်ရှိရမည်။
အထက်ပါဝန်ထမ်းအားလုံးသည် ၁ နှစ်ပြည့်ပါက နှစ်တိုး တစ်သောင်းရရှိမည်။
စိတ်ဝင်စားပါက CV ဖောင်အပြည့်အစုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ(သို့)ရဲစခန်းထောက်ခံစာယူဆောင်ခဲ့ပါရန်။

လိပ်စာ ➲ ၆၂ လမ်း၊ ၁၁၀×၁၁၁
ဖုန်း: 09-402669618, 09-789393768



# Long Style Beauty Saloon

ဖြောင့် / ကောက် / ဆေးဆိုး } (30%) off

ဆံပင်ညှပ်တာ အရမ်းလှတယ်။
(ကြိုတင်ဖုန်းဆက်လို့ ရပါတယ်)

66 st × 67 st, 38 st Corner
Ph; 09-2053849



ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီး၊ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။





မြင့်ဓာတ်ဆေးဆိုင်ကြီး

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။



ကိုဗစ် -၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် -၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။


## စာအုပ်စာပေ လူ့မိတ်ဆွေ

## စာပေမြင့်မှ လူမျိုးတင့်မည်


# ဆရာမဝန်ထမ်း အလိုရှိသည်

(၁) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(၂) အသက် (၂၅)နှစ်မှ (၄၀)နှစ်အတွင်း။
(၃) ပရဟိတလုပ်ငန်း စိတ်ဝင်စားသူ။
(၄) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တာဝန်ထမ်းဆောင်ရမည်။

လာရောက်လျှောက်ထားလိုပါက - ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ CV Form နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်
စောမွန်လုပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်း

ဆက်သွယ်စုံစမ်းရန် - ၀၉-၇၉၇၁၂၅၈၅၀/၀၉-၄၀၂၅၉၈၃၅၁။


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ၎င်းတို့ကိုကိုယ်စားပြုသည့်သူများကို ကိုယ်တိုင်ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်...

❖ ဖက်ဒရယ်စနစ်ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

၂-၁၂-၂၀၂၂

## ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေများနှင့် ထောက်ပံ့ငွေများပေးအပ်

စာမျက်နှာ - ၂၂



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၁-၆-၂၀၂၃)

| | | | | |
|---|---|---|---|---|
| မြိတ် | ၆ | ဒသမ | ၄၆ | လက်မ |
| လောင်းလုံး | ၃ | ဒသမ | ၀၃ | လက်မ |
| ကျိုက်မရော | ၂ | ဒသမ | ၆၀ | လက်မ |
| ခရမ်း | ၂ | ဒသမ | ၃၂ | လက်မ |
| သထုံ | ၁ | ဒသမ | ၈၉ | လက်မ |
| ပိုင်ကျုံ | ၁ | ဒသမ | ၇၅ | လက်မ |
| ရေး | ၁ | ဒသမ | ၄၆ | လက်မ |
| တောင်ကုတ် | ၁ | ဒသမ | ၄၂ | လက်မ |
| ကွမ်းခြံကုန်း | ၁ | ဒသမ | ၃၈ | လက်မ |
| ကျောက်တော် | ၁ | ဒသမ | ၂၆ | လက်မ |
| ဖောင်းပြင် | ၁ | ဒသမ | ၂၆ | လက်မ |

## နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သားအရာရှိစစ်သည်များ ချောင်းသာကမ်းခြေနှင့် ငပလီကမ်းခြေတို့သို့ အပန်းဖြေခရီးသွားရောက်လေ့လာ




နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား၊ အရာရှိစစ်သည်များ၊ ချောင်းသာကမ်းခြေအပန်းဖြေခရီးရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ရိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သားအရာရှိ၊ စစ်သည်များကို အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေနှင့် ရခိုင်ပြည်နယ် ငပလီကမ်းခြေများသို့ ယနေ့တွင် တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရောက်ရှိလာသော အရာရှိ၊ **စာမျက်နှာ ၁၇ ကော်လံ ၁☆**

